# ပြန်လည်ကြွလာခြင်းသတင်းကောင်း (January 2021)

# HERALD *OF HIS* COMING




ဘုရားသခင်သည် ငါတို့ဘက်၌ ရှိတော်မူလျှင်၊ အဘယ်သူသည် ငါတို့တဘက်၌ နေနိုင်မည်နည်း။(ရောမ ၈း၃၁)

# အောင်မြင်သော အသက်တာ

**(The Life That Wins)**

*By Charles G. Trumbull*

အောင်မြင်သော ဘဝတစ်ခုတည်းရှိသည်။ ထိုအရာမှာ သခင်ယေရှုခရစ်တော်၏ဘဝဖြစ်သည်။ လူတိုင်းသည် ထိုဘဝကိုပိုင်ဆိုင်နိုင်ကြ၍ ထိုဘဝဖြင့်အသက်ရှင်နိုင်ကြသည်။

လူတိုင်းသည် ခရစ်တော်နှင့်တူကြမည်ကို ကျွန်တော်မဆိုလိုပေ။ ထိုအရာထက်ပို၍ကောင်းမွန်သောအရာ တစ်စုံတစ်ခုကို ဆိုလိုသည်။ လူတစ်ဦးသည် ခရစ်တော်၏ မစတော်မူခြင်းကိုအမြဲတမ်းခံရလိမ့်မည်ဟု ကျွန်တော် မဆိုလိုပေ။ ထိုအရာထက်ပို၍ ကောင်းမွန်သောအရာ တစ်စုံတစ်ခုကို ဆိုလိုသည်။ လူတစ်ဦးသည် ခရစ်တော်မှ တန်ခိုး ခံရလိမ့်မည်ဟု ကျွန်တော်မဆိုလိုပေ။ ထို တန်ခိုးထက်ပို၍ ကောင်းမွန်သောအရာကို ဆိုလိုသည်။ လူ တစ်ဦးသည် အပြစ်မှ ကယ်တင်ခြင်းခံရ၍ အပြစ်မပြုနိုင်တော့သည်ကို ကျွန်တော်မဆိုလိုပေ။ ထိုအောင်မြင်မှုထက် တောင်ပို၍ ကောင်းမွန်သောအရာ တစ်စုံတစ်ခုကိုဆိုလို သည်။

ကျွန်တော်ဆိုလိုသောအရာကို ရှင်းပြနိုင်ရန်အတွက် ကျွန်ုပ်၏ ဘဝသက်သေခံချက်ကိုပြောပါရစေ။ ခရစ်တော်ကို ရှောင်းစား၍ မထီမဲ့မြင်ပြုသူ၊ ကောင်းကင်ဆိုင်ရာရူပါရုံများနှင့် နာခံခြင်းမရှိသူ၊ သူတပါးအောင်မြင်မှုကို မြင်တွေ့သောအခါ အမြဲတမ်းဒေါသထွက်သဝန်တိုတတ်သူ၊ ခရစ်တော်မြော်လင့်တော်မူသောသူစသဖြင့် ဆုံးရှုံးသူများအကြောင်းကို သူတစ်ပါးထက် ကျွန်တော်ပို၍ သိသည်ဟု ပြောလျှင် မှားလိမ့်မည်မထင်ပေ။ သို့သော် ကိုယ်တော်၏ စိတ်ရှည်သည်းခံတော်မူခြင်းနှင့်

အနိုင်းမဲ့ မေတ္တာ နှင့် ဂရုဏာတရားအတွက် ကျေးဇူးတော်ကို ချီးမွမ်းသည်။ ကျွန်ုပ်၏ ဆုံးရှုံးခြင်းနှင့် စိတ်ပျက်နှံခြာဖွယ် သောဘာဝအကြောင်းထက် ကျွန်တော်ပို၍ ပြောပြရမည့် အရာတစ်ချို့ရှိသည်။

ခရစ်တော်၏ အသစ်သောဘာဝအတွေ့အကြုံများ မတိုင်မီ ကျွန်ုပ်ဘဝစိတ်ပိုင်းဆိုင်ရာလိုအပ်မှုများသည် လုံလောက် လျက်ရှိသည်။ အပိုင်း သုံးပိုင်းခွဲခြားနိုင်သည်။ ၎င်းတို့မှာ-

**ဝိညာဥ်ရေးရာအသက်တာအခြေအနေ။** တစ်ခါတစ်ရံကျွန်တော်သည် ဝိညာဥ်ရေးရာ၌အမြင့်သို့ ရောက်ခဲ့လိမ့်မည်။ တစ်ခါတစ်ရံ နက်ရှိုင်းရာသို့ရောက်နိုင်ခဲ့လိမ့်မည်။ တစ်ခါတစ်ရံ စုံစမ်းနှောင့်ယှက်ခြင်းခံရသည်။ တစ်ခါတစ်ရံ တောင်ဆောင်းသို့သွားရ၍ အကောင်းဆုံး အတွေ့ အကြုံများ ဆုံးရှုံးခဲ့ ရသည်။ ကျွန်တော်သည် မိမိကိုယ်ကို ပို၍နိမ့်သော နေရာသို့ ရောက်သည်ဟု ခံစားနိုင်ခဲ့သည်။ စာတန် မာရ်နတ်သည် ကျွန်တော့အား ကြိမ်ဖန်များစွာပြသ ခဲ့သည့်အတိုင်း ခရစ်ယာန် တစ်ဦးဟာ မိမိကိုယ်ကို မှည့်ခေါ်သောလူတစ်ဦးအတွက် ပို၍နိမ့်ကျသော အဆင့်သည် အန္တရာယ်များသော နေရာဖြစ်သည်။

**အပြစ်နှောင့်ယှက်မှု။** အချို့သောနေရာများတွင် ကျွန်တော်သည် အနိုင်ရသောတိုက်ခိုက်ရေးသမား မဟုတ်ပေ။ အပြစ်ကင်းစင်ရန်အတွက်လည်း မရှာဖွေခဲ့ပေ။ သို့သော် ကျွန်တော်သည် အချို့ သောကိုယ်ကျင့်တရား ကိစ္စများတွင် အနိုင်ယူနိုင်လိမ့်မည်ဟု ကျွန်တော်ယုံကြည်ခဲ့သည်။ ကြိတ်ခြင်း နှင့်နိမ့်ချစွာ တိုက်ခိုက်မှုခံရပြီးနောက် အောင်မြင်မှုရောက်လာခဲ့သည်။ ထိုကြောင့် ရွေးနှုတ်ခြင်းနှင့် ကိုယ်ကျင့်တရား ကောင်းမွန်အတွက် ကျွန်တော် စိတ်နှလုံးဖြူစင်စွာ ဆုတောင်းခဲ့သည်။

**ဝိညာဥ်ရေးရာ တန်ခိုးအားနည်းမှု။** ခရစ်ယာန်လုပ်ငန်းများစွာကို ကွန်တော်လုပ်ခဲ့သည်။ ကိုယ်ရေး ကိုယ်တာ လုပ်ငန်းများကိုလည်း လုပ်ဆောင်ခဲ့သည်။ ထိုအရာများအားလုံးမှ အခက်ဆုံးမှာ လူဦးနှင့် မျက်နှာချင်းဆိုင်၍ ကျွန်ုပ်တို့၏ ကယ်တင်ရှင်အကြောင်းဟောပြောခြင်းလုပ်ငန်းမှာ အခက်ဆုံးဖြစ်သည်။ ထိုသို့ဟောပြောသော်လည်း အသီးအပွင့် မတွေ့ရပေ။ ကျွန်တော့ လုပ်ဆောင်ချက်အားဖြင့် ခရစ် တော်သည် အသက်တာများလွှမ်းမိုးခြင်းကို ကျွန်တော်မမြင်တွေ့ခဲ့ပေ။ ကျွန်တော် ဘာလုပ်သင့်သနည်း။ အခြားသူများက လုပ်ဆောင်ခဲ့ကြသည်။ ဘာကြောင့် ကျွန်တော် မလုပ်ဆောင်

နိုင်ခဲ့သနည်း။ ကျွန်တော်သည် ကျွန်တော်၏ ခရစ်ယာန်အမှုတော်ဆောင်ခြင်း၌ဝိညာဥ်ရေးရာ အသီးအပွင့်များမတွေ့သောကြောင့် တစ်ခါတစ်ရံ နှလုံးသားနာကျင်ခဲ့သည်။

## ခရစ်တော်နှင့် ပတ်သက်သော ခံယူချက် အသစ်တစ်ခု

ခရစ်ယာန် အမှုတော်မြတ်၌ ကောင်းကြီးမင်္ဂလာ ခံစားသူအဖြစ်ကျွန်တော်မြင်တွေ့ခဲ့သောလူအချို့တို့သည် ကျွန်တော် မရှိခဲ့သော ခရစ်တော်၏ စိတ်တော် သို့မဟုတ် ခံယူချက်ရှိဟန်တူသည်။ ထိုအရာသည် ခရစ်တော်၏ အတွေးနှင့် ပတ်သက်၍ ကျွန်တော် မတွေးတောနိုင်အောင် အလွန်ကြီးမားနက်ရှိုင်းသည်။ ကျွန်တော် အဖြစ်နှင့် နှိုင်းယှဥ်သောအခါ ဤ အရာ၌ ကျွန်တော်အားနည်းခဲ့သည်ဟု စိတ်တွေဝေနေခဲ့ရသည်။ ကျွန်တော်သည် ခရစ်တော်ကို မယုံကြည်ဘဲ ကိုယ်တော်ကို ဘုရားသခင်၏ သားတော်နှင့် ဘုရားဖြစ်တော်မူသည်ဟု မကိုးကွယ်ခဲ့ သလော။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော်က ကိုယ်တော့်ကို မိမိကယ်တင်ရှင်အဖြစ် သက်ဝင် ယုံကြည်လက်ခံခဲ့သည် မဟုတ်လော။ ကိုယ်တော် တစ်ပါးတည်းသာ ထာဝရ အသက်အဖြစ် ယုံကြည်၍ ကိုယ်တော်အတွက် ကျွန်ုပ် ဘဝ တစ်ခုလုံး ပေးအပ်၍ အမှုတော်ထမ်းဆောင်ရန် ကြိုးစားအသက်ရှင်ခဲ့သည် မဟုတ်လော။ ကိုယ်တော်၏ မစတော် မူခြင်းနှင့် လမ်းပြပို့ဆောင်မှုကို ကျွန်တော်တောင်းခံ၍ ကျွန်ုပ်၏ မြော်လင့်ခြင်းအဖြစ် ကိုယ်တော့ကို ယုံကြည်ခဲ့သည်မဟုတ်လော။ ဤ အရာအားလုံးသည် ကျွန်တော် လုပ်ဆောင်ခဲ့သော အမှုအရာဖြစ်သည်။ ခရစ်တော်၏ ပို၍ မြင့်သော သို့မဟုတ် ပို၍ ကောင်းမွန်သော ခံယူချက်ကို ကျွန်ုပ်သည် မည်သို့ရရှိနိုင်မည်နည်း။ ကိုယ်တော့်ကို အရင်ကထက်ပို၍ အစေခံရန် လိုအပ်သည်ဟု ကျွန်တော်သိခဲ့သည်။ သို့သော် ကျွန်တော်မဝန်ခံနိုင်သော ကိုယ်တော်၏ ခံယူချက်အသစ်ကို ကျွန်တော်ပိုင်ဆိုင်ရန် လိုအပ်သည်။

ကျွန်တော် လျစ်လျူရှု၍ မရသော လမ်းညွှန်ချက်များကို ကျွန်တော်လိုက်နာရမည်ဖြစ်သည်။ ဧဖက် ၄း၁၂-၁၃ကို အခြေပြု၍ အင်္ဂလန်လူမျိုး ဒေါက်တာ ဂွန်းဂျိုးဝက်တ်၏ တရားဟောချက်ကို ကျွန်တော်ကြားခဲ့သည်။ “သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်း အလို့ငှါ ထိုသခင်သည် လူအချို့တို့ကို တမန်တော်အရာ၌၎င်း၊ အချို့ကို ပရောဖက် အရာ၌၎င်း၊ အချို့ကို သာသနာပြုအရာ၌၎င်း၊ အချို့တို့ကို သင်းအုပ်ဆရာ၊ ဆရာအရာ၌၎င်း၊ ခန့်ထားတော်မူ၏။ ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊ ဘုရား

သခင်၏ သားတော်ကို သိကျွမ်းခြင်းသို့၄င်း၊ တညီတညွတ်တည်း ရောက်၍ ခရစ်တော်၏ ပြည့်စုံခြင်း ပမာဏ အရပ်တည်းဟူသော ကြီးရင့်သော လူတို့၏ အဖြစ်သို့ရောက်ကြသည် တိုင်အောင် ဖြစ်သတည်း။" ကျွန်တော်သူ့ကို မလိုက်နိုင်ခဲ့ပေ။ ကျွန်တော်အတွက် အရမ်း နက်ရှိုင်းသည်။ သူသည် ခရစ်တော်အကြောင်းကို ကျွန်တော် တစ်ကြိမ်တစ်ခါမျှ မသိခဲ့ဘူးသော နည်းလမ်း အားဖြင့် ရှင်းလင်းပြတ်သား စွာဟောပြောခဲ့သည်။

ကျွန်တော် ဒေါက်တာ ဂျွန်းဒေါ့လားစ်အာဒံအကြောင်းကို သိခွင့်ရခဲ့၍ သူ၏ အကြီးဆုံးသောဝိညာဉ်ရေးရာ ထိုးထွင်းသိမြင်ခြင်းသည် သခင်ယေရှု၏ အမှန်တည်ရှိခြင်းကို ဟောပြောသောသူဖြစ်သည်။ သခင်ယေရှုသည် သူနှင့်အတူ ပါရှိတော်မူသောကြောင့် နားလည်သဘောပေါက်သည်ဟု သူ ပြောခဲ့သည်။ အခြားအကြောင်းမပြောခဲ့ပေ။ သူသည် မိမိခံစားချက်များကို မှီခိုအားထားခြင်း မရှိခဲ့ပေ။ သူ၏ ခြောက်သွေ့ အားနည်းချက်ကိုလည်း မမှီခိုခဲ့ပေ။ သူသည် မိမိအစွမ်းအစများကိုလည်း မှီခိုအား ထားခြင်းမရှိခဲ့ပေ။ သခင်ယေရှုသည် သူနှင့်အတူ ရှိတော်မူခြင်းကိုသာ ထင်ရှားစွာပြသခဲ့သည်။ ထို့ပြင် ခရစ်တော်သည် သူ၏ အတွေးအခေါ် အိမ်ဖြစ်သည်ဟု ပြောခဲ့သည်။ သူသည် ခရစ်တော်အကြောင်းကို သာစဉ်းစားတွေးခေါ်ခဲ့သည်။ သူသည် လမ်းပေါ်၌ ဖြစ်စေ၊ မည်သည့်နေရာတွင် ရှိနေပါစေ တစ်ယောက်တည်း နေသည့်အချိန်များတွင် ခရစ်တော်အကြောင်းကိုသာ ကျယ်လောင်စွာပြောလိမ့်မည်။ သူငယ် ချင်းများနှင့်အတူ ရှိနေစဉ်တွင်လည်း သခင်ယေရှု အကြောင်းကို ပြောပြခဲ့သည်။ သခင်ယေရှုသည်သူ နှင့်အတူ အမှန်ရှိတော်မူသည်။

လအနည်းငယ် ကြာလာသောအခါ ကျွန်တော်သည် အင်ဒင်းဘာပ်ချ်၌ ညီလာခံ တစ်ခု တက်ရောက်ခဲ့သည်။ ဒေါက်တာ ရိုဘတ် အက်ဖ်၊ ဟိုရ်တွန်က "ခရစ်ယာန် အသက်တာ၏ စတင်စီးဆင်းရာ" အကြောင်းကို ဟောပြောခဲ့သည်။ ကျွန်ုပ်တို့ ခရစ်ယာန် အသက်တာနှင့် ပတ်သက်၍ ခွန်အားရစရာအချက် အလက်များစွာကို သူဟောပြောခဲ့သည်ဟု ကျွန်တော် မြော်လင့်ခဲ့သည်။ သူဟောပြောသောအရာများသည် ကျွန်တော်လိုအပ်သော အရာများဖြစ်သည်ဟု သိခဲ့သည်။ သို့သော် သူစပြောသောဝါကျက ကျွန်တော့်အမှားများကို ထောက်ပြခဲ့သည်။ ကျွန်တော် နှလုံးသားသည် ဝမ်းမြောက် အသစ်ဖြင့် ခုန်ဆွဖြစ်နေခဲ့ရသည်။ သူပြောသောအရာမှာ "ချစ်သော မိတ်ဆွေများ၊

ခရစ်ယာန် အသက်တာ၏ အုတ်မြစ် များမှာ သခင် ယေရှု ခရစ်တော်ဖြစ်တော်မူသည် ” ဖြစ်သည်။ အလွန် မှန်ကန်သည်။ သို့သော် သူဖော်ပြသော အကြောင်းအရာသည် ပြည့်စုံ လုံလောက်သည်။ နောက်ပိုင်းတွင် ကျွန်တော် ဒေါက်တာ ဟိုရ်ဂတ်န် ထံ ကျွန်တော့် လိုအပ်မှုများနှင့် အခက်အခဲများကို ရင်ဖွင့်ခဲ့သည်။ သူက “အမေလေ၊ မစ္စတာ ထရမ်ဘူ ရယ်၊ ကျွန်ုပ်တို့သည် ပို၍ယုံကြည်ခြင်းဖြင့် ခရစ်တော်ထံ ခြေလှမ်းလှမ်းကြလျှင် ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် ပို၍များပြားသော အမှုပြုတော်မူလိမ့်မည်”ဟု ရိုးရှင်းဖြူစင်စွာပြောခဲ့သည်။

ကျွန်တော် Great Britainမှ မပြန်သွားမီ မမြော်လင့်ဘဲကျွန်တော်မသိခဲ့သေးသော လန်ဒန် အသင်းတော် ရှိဝေါလ်ချ် လူငယ်အမှုတော်ဆောင်၊ သိက္ခာတော်ရဆရာ ရီးချတ်ဒ်ရောဗတတ်၊ ကျွန်တော့် မိတ်ဆွေးတစ်ဦး ဟောပြော သောတရားဒေသနာ၊ ခရစ်တော်နှင့် ဆုံတွေ့ခွင့်ရရှိခဲ့သည်။ သူဟောပြော သောကျမ်းချက်မှာ ဖိလိပ္ပိ ၁း၂၁-*“ခရစ်တော် အတွက် အသက်ရှင်ခြင်း”* ဖြစ်သည်။ ခရစ်တော်တစ်ပါး တည်းသာလျှင် ဘဝ၏ အချုပ်အခြာနှင့် တစ်ခုတည်းသော အသက်တာ ဖြစ်သည်ဟု တူညီသောအ ကြောင်းအရာကို ဟောပြောသောတရားတော်ဖြစ်သည်။

အချိန်အနည်းငယ်ကြာလာသောအခါ အန္ဒိယနိုင်ငံ Bishop Oldham သည် “ဘဝ၏ သက်စမ်းရေ” အကြောင်းဟောပြောသော ဓမ္မညီလာခံတစ်ခုသို့ ကျွန်တော်တက်ရောက်ခဲ့သည်။ ခရစ်တော်၏ အလိုတော်နှင့် အကြံအစည်တော်မှာ ကိုယ်တော်၏ နောက်တော်သို့ လိုက်လျှောက်သောသူ အားလုံးသည် သက်စမ်းရေ၊ သူတစ်ပါးထံ စဥ်ဆက်မပြတ်စီးဆင်းသော ဘဝ၏ ကြည်လင်သော သက်စမ်းရေဖြစ်သည်ဟု သူဟောပြောခဲ့သည်။ သူတို့သည် အတားအဆီး မရှိဘဲ ဒလဟောစီးဆင်း သောသက်စမ်း ရေဖြစ်ကြသည်။ ဤအကြောင်းနှင့်ပတ်သက်၍ ခရစ်တော် ဟောပြောတော်မူသော နှုတ်ကပတ်တော်ရှိသည်။ “ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည်အတိုင်း အသက်ရေ တွက်ရာ စမ်းရေတွင်းဖြစ်လိမ့်မည်” (ယောဟန် ၇း၃၈)။ လူအချို့တို့သည် ဘဝသက်စမ်းရေ အနည်း ငယ်ရှိ၍ ရေပုံးဖြင့်ယူ ဆောင်လာကြသည်ဟု ပြောခဲ့သည်။ အန္ဒိယနိုင်ငံတွင် တွန်းလှည်းဖြင့် ရေသယ်ရသည်။ သက်စမ်းရေတွင်းမှမည်သို့ပင် ရေများသယ်ယူစေကာမူ ထိုစမ်းရေတွင်းသည် ခန်းခြောက်မသွားဘဲ အစဥ်မပြတ် စီးဆင်းကာ သူတစ်ပါး၏ ဘဝအတွက် အသက်ရှင်စေသော

ရေဖြစ်လာသည်ဟု သူပြောခဲ့သည်။ အရှေ့ ဘက်တွင် နေသော အသက်ကြီးအမျိုးသမီးတစ်ဦးသည် ခရစ်တော် အကြောင်းနှင့် ပတ်သက်၍ သက် သေခံဝေမျှခဲ့ရာ ကျွန်ုပ်တို့ နားထောင်သူများအား အံ့ဩ တွေဝေစေသည်ဟု သူဖော်ပြခဲ့သည်။ သို့ သော်သူသည် တစ်နှစ်တာ ကြာပြီးနောက် ခရစ်တော် အကြောင်းကို သိခဲ့သည်။

## အစဥ်ဆုတောင်းခြင်း

နောက်နေ့နံနက်ခင်းတွင် ကျွန်တော်တစ်ယောက်တည်း အခန်း၌ နေစဥ် ထွက်ပေါက်တစ်ခုညွှန် ပြပေး တော်မူရန် ဘုရားသခင်ထံကျွန်တော်ဆုတောင်းခဲ့သည်။ ကျွန်တော်မသိခဲ့သောခရစ်တော်၏ ခံယူချက်ရှိခဲ့လျှင် ကျွန်တော်မြင်တွေ့ကြား သိခဲ့သောအခြားသူများ၏ အသက်များရှိလျို့ဝှက် အချို့ တို့ကို ကျွန်တော် လိုအပ်ခဲ့သည်။ ထို အရာသည် ကျွန်တော်မရှိခဲ့ဘူးသောအရာ၊ မသိခဲ့ဘူးသော အရာ ဖြစ်သည်။ ကိုယ်တော်ကျွန်တော့်အား ထိုအရာကို ချပေး သနားတော်မူပါဟု ဆုတောင်းခဲ့သည်။ ကျွန်တော့မှာ ရေခတ်ဒ်ရောဘတ်စ်ဟောကြားခဲ့သော *“ခရစ်တော် အတွက်ရှင်သန်ခြင်း”* တရားဟော ချက်ကို ကြားသိခဲ့သည်။ ကျွန်တော်ဒူးထောက်၍ လေ့လာခဲ့သည်။ ထိုနောက် ဘုရားသခင်ထံပြန်၍ ဆုတောင်းခဲ့သည်။ ကိုယ်တော်၏ စိတ်ရှည်သည်းခံတော်မူခြင်း၊ ခွင့်လွှတ်တော်မူခြင်း၊ ချစ်ခြင်း မေတ္တာများကို ကျွန်တော့အားချပေးသနားတော်ပါဟု ကျွန်တော်ဆုတောင်းခဲ့သည်။ ကိုယ်တော်သည် ကျွန်တော့အား ခရစ်တော်အသစ်ကို ချပေးသနားတော်မူခဲ့သည်။ ယခုတွင် ခရစ်တော်၏ ခံယူချက်နှင့် အသိပညာများကို ကျွန်တော် ရယူပိုင်ဆိုင်နိုင်ခဲ့သည်။

မည်သည့် နေရာတွင် ပြောင်းလဲမှုရှိခဲ့သနည်း။ ခရစ်တော်သည် သင့်အထဲ၌တည်နေတော်မူခြင်း၊ သင်သည် ခရစ်တော်၌ တည်ခြင်း၊ ခရစ်တော်သည် ကျွန်ုပ်တို့ဘဝ၊ ခရစ်တော်၌တည်နေခြင်းတို့သည် အမှန်အကန်ဖြစ်ကြောင်း၊ ကောင်းကြီး မင်္ဂလာတစ်ပါးဖြစ်ကြောင်းနှင့် နှုတ်ဖြင့်ဖော်ပြ၍မရကြောင်း ကို ဓမ္မသစ် ကျမ်းတစ်လျှောက်လုံးတွင် မှီငြမ်း ကိုးကားသောကျမ်းချက်များစွာရှိသည်ဟု ပထမအ ကြိမ်တွင် ကျွန်တော်နားလည်သဘောပေါက်ခဲ့သည်။ ကျွန်တော်သည် ယောဟန်အခန်းကြီး ၁၅ ကို ဖတ်သောအခါ အသစ်သော အသက်တာအကြောင်းကိုတွေ့ခဲ့ရသည်။ ဖေက် ၃း၁၄-၂၁၊ ဂလာတိ ၂း၂၀ နှင့် **ဖိလိပ္ပိ ၁း၂၁** တို့တွင်လည်းတွေ့ရသည်။

ခရစ်တော်သည် ကျွန်ုပ်၏ ကယ်တင်ရှင်ဖြစ်တော်မူသည်ဟု ကျွန်တော်သိခဲ့ရသည်။ သို့သော် ခရစ်တော်အား ကျွန်တော့ကို အပြင်ဘက်မှကယ်တင်တော်မူခဲ့သော ကယ်တင်ရှင်အဖြစ်သာ ကျွန်တော်မြင်တွေ့ခဲ့ရသည်။ သို့သော် ကိုယ်တော်သည် ကျွန်တော့်အနားမှာရှိတော်မူ၍ ရပ်တည်တော်မူသည်။ လိုအပ်သောအချိန်တွင် ကူညီမစတော်မူသည်။ ကျွန်တော့အား တန်ခိုးနှင့်ခွန်အားနှင့်ကယ်တင်ခြင်းကို ချပေးတော်မူခဲ့သည်။ သို့သော် ယခုတွင် ထိုအရာများ ထက်ပို၍ ကောင်းမွန်သော တစ်စုံတစ် ခုကို ကျွန်တော်သိခဲ့သည်။ နောက်ဆုံးတွင် သခင်ယေရှုခရစ်တော်သည် ကျွန်ုပ်အထဲ၌ ကိန်းဝပ်တော်မူကြောင်း ကျွန်တော်နားလည် သဘောပေါက်ခဲ့သည်။ ထိုပြင် ကိုယ်တော်သည် ကျွန်ုပ်တို့ ဘဝဖြစ်တော်မူသည်။ (ကိုယ်တော့်ကိုတိုက်ခိုက်ခြင်းမပါ)။ ကိုယ်တော်သည် ကျွန်ုပ်၏ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ် နှင့်အသက်၊ ကျွန်တော်ဖြစ်တော်မူသည်။ ကိုယ်တော်အား ဖေးမသူဖြစ် ပိုင်ဆိုင်ခြင်း ထက်ပို၍ ကောင်းသော အရာရှိသလော။ သို့မဟုတ် အပြင်ဘက်ကယ်တင်ရှင်မက ကိုယ်တော်၊ သခင်ယေရှုခရစ်တော်၊ သားတော်ဘုရားကို ဘဝ အတွက် ပိုင်ဆိုင်ခြင်းထက်ပို၍ ကောင်းသော အရာရှိသလော။

ကိုယ်တော်သည် အခြားသောပုဂ္ဂိုလ်တစ်ပါးကဲ့သို့ အကူအညီ ကျွန်တော်မတောင်းတော့ဘဲ ကိုယ်တော်၏ အမှုကို ပြုရန်၊ ကျွန်တော့်အထဲ၌ ကိုယ်တော်၏ အလိုတော်ပြည့်စုံစေတော်မူရန်နှင့် ကျွန်တော့အားဖြင့် ကိုယ်တော်၏ အလိုတော်ပြည့်စုံစေရန်အတွက်ဆုတောင်းရမည်ကို ကျွန်တော် ရည်ညွှန်းလိုခြင်းဖြစ်သည်။ ကျွန်တော့ ကိုယ်ခန္ဓာသည် ကိုယ်တော်၏ ကိုယ်ခန္ဓာ၊ ကျွန်တော့ စိတ်သည် ကိုယ်တော်၏ စိတ်၊ ကျွန်တော့ ဆန္ဒသည်ကိုယ်တော်၏ ဆန္ဒ၊ ကျွန်တော် ဝိညာဉ်သည် ကိုယ်တော်၏ ဝိညာဉ်၊ ကိုယ်တော်ပိုင်ဆိုင်ခြင်းသာမကဘဲ ကိုယ်တော်၏ အစိတ်အပိုင်းများဖြစ်ကြသည်။ ယုံကြည်ရန်နှင့် နှုတ်မြွက်ဆိုရန် ကိုယ်တော်တောင်းဆိုသော အရာများမှာ "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်းအသက်ရှင်သေး၏။ ထို သို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်၊ ခရစ် တော်သည် ငါ၌ ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခု ငါရှင်သော အသက်သည် ဘုရားသခင်၏ သားတော်ကို ယုံကြည်ခြင်း အားဖြင့်တည်၏" (ဂလာတိ ၂း၂ဝ) ဖြစ်သည်။ သခင်ယေရှုခရစ်တော်သည် ကျွန်ုပ်ဘဝကို ဖန်ဆင်းပေးသော အရှင်ဖြစ်တော်မူသည်။

"ကိုယ်တော်အားဖြင့် အရာခပ်သိမ်းကိုဖန်ဆင်းတော်မူပြီ... ကိုယ်တော်၌အရာအားလုံးပါဝင်သည်။" ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းများဖြစ် ကြသည် (ကောလော ၁း၁၆-၁၈)။

ပေါလုက "အသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏" *(ဖိ ၁း၂၁)* ဟု ဝမ်းမြောက်အားရစွာဖော်ပြခြင်းကို သင်အံ့သြ သလော။ သူက "ခရစ်တော်နှင့်တူရာ အသက်ရှင်ခြင်း၊" "ခရစ်တော်၏ အကူအညီ ရရှိရန်အသက်ရှင်ခြင်း၊" "ခရစ်တော်၏ အစေခံရန်အသက်ရှင်ခြင်း"စသည်ဖြင့်ဖြစ်ဟန်တူသောအရာများမှား ယွင်းစွာဖော်ပြခြင်းမပြုခဲ့ပေ။ သို့သော် သူက "အသက်ရှင်သည် အရာမှာ ခရစ်တော်ဖြစ်၏"ဟု မတွေးတောနိုင်လောက်အောင် ရဲဝံ့စွာဖော်ပြထားခဲ့သည်။ အရင်က ထို ကျမ်းချက်ကို ကျွန်တော်နားမလည်ခဲ့ပေ။ ယခုတွင် ဤကျမ်းချက်၏ ဆိုရင်းသည့် အနက် အဓိပ္ပါယ်ကို ကျွန်တော် နားလည်သဘော ပေါက်နိုင်သောကြောင့် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါသည်။

## မိမိကိုယ်တိုင် သိနားလည်ခြင်း

ကျွန်တော့အတွက်နားလည် သဘောပေါက်သည့်အရာမှာ အနိုင်ယူအောင်မြင်သော ဘဝအသက်တာဖြစ်သည်။ ထို အသက်တာမှာ သခင် ယေရှုခရစ်တော်၏ အသက်တာဖြစ်သည်။ သခင်ယေရှုအား ကျွန်ုပ်တို့ အသက်တာသို့ ဝင်ရောက်ခွင့်ပြုကြလျှင်လည်းကောင်း၊ ကျွန်ုပ်တို့ကို သိမ်းပိုင်စေ တော်မူလျှင်လည်းကောင်း၊ ကျွန်ုပ်တို့ကို ထိန်းချုပ်စေ တော်မူလျှင်လည်းကောင်း၊ ကိုယ်တော့် ထံတော် မိမိအသက်တာဆက်ကပ်လျှင်လည်းကောင်း၊ ကျွန်ုပ်တို့လိုအင် ဆန္ဒကိုလည်းကောင်း၊ ကျွန်ုပ်တို့ ဘဝ၏ အသက်သခင်နှင့်ကယ်တင်ရှင် အဖြစ်ထားလျှင် လည်းကောင်း ကျွန်ုပ်တို့သည် ခရစ်တော် အသက်ကို ရကြလိမ့်မည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား "ဘုရားသခင်၏ ပြည့်စုံတော် မူခြင်း" ဖြင့် ပြည့်ဝ စေတော်မူလိမ့် မည်။

ကျွန်တော်သည် မှားယွင်းခံယူချက်၊ မညီညွတ်သော သီအိုရီပြည့်စုံခြင်းနှင့် အပြစ်ကင်းစင်ခြင်းတို့ ကိုပြောနေသည်ဟု မထင်ရပေ။ ခရစ်တော်၏ ဘဝကိုထင်ရှားစေသော အသက်တာသည် လူတစ်ဦးသည် အရင် ကဲ့သို့ မဟုတ်ဘဲ မိမိအပြစ်များနှင့် အားနည်းချက်များကို ထင်ရှား သိမြင်စေသည်။ ကျွန်တော် ပြောခဲ့သည့် အတွေ့အကြုံ အတိုင်း အားနည်းချက်များစွာ ရှိသေး၍ အပြစ်များစွာရှိ သေးသောကြောင့် ခရစ်တော်နှင့် ကျွန်တော့ ဘဝကို ခုခံ တိုက်ခိုက်စေနိုင်သေးသည်။ သို့သော်

ထို တိုက်ခိုက်မှုသည် အရင်နှင့်မတူဘဲ ပို၍အဆင်မြင့်လာသည်။ ကျဆင်းခြင်း ပြီးနောက် ပြန်လည် ထူထောင်ခြင်းရှိလာသောအခါ ကောင်းကြီးမင်္ဂလာများစွာခံစားလာပါသည်။ ထို့ကြောင့် "ဘုရား သခင်နှင့် အတူအသက်ရှင်ခြင်း" ဟု ကျွန်တော်တွေးမိသည်။

## လိုအပ်မှုများဖြည့်ဆည်းခြင်း

ကျွန်တော်အစအဦး၌ပြောခဲ့သည့်အတိုင်း အလွန်ကြီးမားသောလိုအပ်မှုသုံးမျိုးရှိသည်။

၁။ ဘုရားသခင်နှင့်အတူအစဉ်မပြတ်မိတ်သဟာယဖွဲ့သောအခါ ကျွန်ုပ်တို့ဘဝအားလုံးမှာမကြုံ ခဲ့ဘူးသော အရာများထက် အဆပေါင်းများစွာသာလွန်များအရာများခံစားသည်။ ခရစ်တော်သည် ကျွန် တော်၏ ဝိညာဉ် ရေးရာ အသက်တာ၌ ကြောက်မက်ဖွယ်ကောင်းသောအမှုအရာများ သို့မဟုတ် စိတ် ညစ်စရာများ ခွင့်ပြုတော်မူ လိမ့်မည် မဟုတ်ပေ။

၂။ အပြစ်တရား၏ ညှဉ်းပန်းနှိပ်မှုများအပေါ် အောင်မြင်မှုရရှိခဲ့သည်။ ကျွန်တော့အား နှောင့် ယှက် ဖျက်ဆီးခဲ့သော စရိုက်ဟောင်းများ အပေါ်အောင်မြင်မှုရရှိခဲ့သည်။ ခရစ်တော်သည် ကျွန်တော့ ဘဝ၏ ရပ်တည်ရာ အုတ်မြစ်ဖြစ်တော်မူသည်။ ထို့ကြောင့် ကျွန်တော်သည် အရင်ဘဝနှင့်မတူဘဲ ပို၍ သတိချပ်လာပါသည်။ Bishop Oldham က "မတွေ့ရသောအပြစ်၏ကျယ်ပြန့်မှု"ဟု ဆိုခဲ့သည့် အတိုင်း ကျွန်တော့ဘဝတွင် ဘုရားသခင်ကို တောင်မသိစေလိုသောအပြစ်ရှိသည်ကို ကျွန်တော် သိသည်။ ကျွန်တော်သည် ပို၍ လက်မြှောက်အရှုံးပေးကာ နာခံခြင်းရှိရမည်ဖြစ်သည်။ သို့သော် ကျွန်တော်သည် ယုံကြည် ခြင်းအစဉ်အမြဲရှိသည်နှင့်အမျှ အတိတ်က ကျွန်တော် ခံစား သော ဝမ်းနည်း ပူဆွေးခြင်းနှင့် စိတ်ဆင်းရဲခြင်းများအားလုံးကို ကိုယ်တော်သည် အကုန်အစင် အဝေးသို့ ဖယ်ရှား ပေးတော်မူပြီ ဖြစ်သည်။

၃။ နောက်ဆုံးအနေဖြင့်၊ အမှုတော်မြတ်၌ဝိညာဉ်ရေးရာအကျိုးတက်ရောက်မှုများသည် လော ကမှ ကျွန်တော် မသိခဲ့ဘူးသော ကောင်းကင်နိုင်ငံတော်၏ပျော်ရွှင်ခြင်းများကို မျှဝေခံစေသည်။ ကျွန် တော်အလွန် ရင်းနှီးသော သူငယ်များခြောက်ဦးတို့သည် အလွန်ရင့်ကျက်သော ခရစ်ယာန်များ ဖြစ်ကြသည်။ သူတို့သည် ခရစ်တော်ထံသို့ မိမိ အသက်တာ တစ်ခုလုံးလုံးဝဆက်ကပ် အပ်နှံခဲ့ကြ သည်။ ဤ အသစ်သောနည်းလမ်းဖြင့် ကိုယ်တော့်ကို ဆုပ်ကိုင်ခဲ့ကြသည် ဘုရားသခင်၏ ပြည့်စုံတော်

မူခြင်း အားလုံးကို လက်ခံရရှိကြသည်။ ကိုယ်တော်ထံတော်သို့ ပြောင်းလဲသော သူများအားဖြင့် သူတို့ အသက်တာများ၌ ခရစ်တော်ပြုတော်မူသောအမှုများကို နိမိတ်လက္ခဏာသက်သေ အထောက် အထားများအားဖြင့်ထင် ရှားလျက်ရှိသည်။

သခင်ယေရှု ခရစ်တော်သည် ကျွန်ုပ်တို့၏ မစသူဖြစ်တော်မူရန် အလိုတော်မရှိပေ။ ကိုယ်တော် သည် ကျွန်ုပ်တို့ ဘဝဖြစ်လိုတော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ကိုယ်တော့်အတွက်အမှုပြု ရန်အလိုတော်မရှိပေ။ ကျွန်ုပ်တို့အားဖြင့် ကိုယ်တော်အား အမှုပြုစေတော်မူရန် ကိုယ်တော်အလိုရှိ တော်မူသည်။ စာရေးတံကဲ့သို့ ကျွန်ုပ်တို့အား ကိုယ်တော်အသုံးပြုလိုတော်မူသည်။ ကျွန်ုပ်တို့ ဘဝသည် ခရစ်ပိုင်ဆိုင်သော ဘဝ မဟုတ်ဘဲ ခရစ်တော်ပင် ဖြစ်တော်မူသည်။ ကျွန်ုပ်တို့ဘဝသည် အောင်မြင် သောဘဝဖြစ်သည်။ ရှုံးနိမ့်သောဘဝမဟုတ်ပေ။ သို့သော် ကျွန်ုပ်တို့ သည် အသုံးတော် မခံလျှင်အောင် မြင်သော အသက်တာ ရရှိနိုင်ကြမည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် ခရစ်တော် ဖြစ်သော ဘဝ၏ ပျော်ရွှင်ခြင်းနှင့်ဘဝသို့အမှန်အကန်ဝင်ခဲ့လျှင် အသီးများစွာသီးခြင်းအားဖြင့် အောင်မြင်မှု ရသော ဘဝဖြင့်အ သက်ရှင် နိုင်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အဆက်မပြတ်၊ ကိုယ်ကျင့် တရား ဖြင့် အသီးမသီးကြလျှင် ကျွန်ုပ်တို့သည် အောင်မြင်သော အသက်တာ ပိုင်ဆိုင်သောသူများဖြစ်ကြ မည် မဟုတ်ပေ။

### အခြေအနေသုံးရပ်

ဘဝပြီးပြည့်စုံခြင်းအဖြစ် ခရစ်တော်ကိုလက်ခံရရှိခြင်းအခြေအနေသုံးရပ်ရှိသည်။ အပြစ် အတွက် နောင်တရခြင်းနှင့် ခရစ်တော်အား ကျွန်ုပ်တို့၏ ကယ်တင်ရှင်အဖြစ် ယုံကြည် လက်ခံ ခြင်းသည် အပြစ်၏ဆိုးသွမ်း မှု၊ တန်ခိုး နှင့်ကွင်းဆက်တို့မှ လွတ်မြောက်ခြင်းခံရကြသည်။

၁။ ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အရာများမှာ သခင်ဖြစ်တော်မူသောခရစ်တော်ထံတော်သို့ လုံး လုံးလျားလျား ဆက်ကပ်မှုပြုခြင်း ဖြစ်သည်။

၂။ ကျွန်ုပ်တို့ဘဝအဖြစ် ခရစ်တော်၏ပြည့်စုံခြင်းဤဆုကျေးဇူးကို ဘုရားသခင်ထံတောင်း လျှောက်ရမည်ဖြစ်သည်။

၃။ ဘုရားသခင်သည် ကျွန်ုပ်တို့တောင်းလျှောက်သောအရာအားလုံးကိုပြုခဲ့တော်မူပြီဟု ယုံကြည်ရမည် ဖြစ်သည်။ ပြုတော်မူမည့်အရာမဟုတ်ဘဲ ပြုတော်မူပြီဖြစ်သည်။ ဤခြေလှမ်းသုံးလှမ်း၊ ယုံကြည်ခြင်းဖြင့် တိတ်ဆိတ် စွာနေခြင်းအားဖြင့် အားလုံးသည် အမှီတပဲပြုနိုင်ကြသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်နှုတ်ကပတ်တော်သက်သေအထောက်အထားများထက်သာ၍ လုံခြုံမှုရှိခြင်း၊ ပို၍ ကောင်းမွန်ခြင်းနှင့်ပို၍ တိကျခြင်းတို့ကြောင့် ကျွန်ုပ်တို့သည် သံသယစိတ်မရှိဘဲ ဘုရား သခင်ကို ယုံကြည်သော ယုံကြည်ခြင်းရှိကြမည်ဖြစ်သည်။

ခရစ်တော်သည် ကိုယ်တော်၏ ကောင်းချီးမင်္ဂလာများအားလုံးထက်ပို၍ ကောင်းမွန်ပြီး တန်ခိုး သို့မဟုတ် အောင်မြင်မှု သို့မဟုတ် ကိုယ်တော်ချပေးတော်မူသော အမှုတော်များထက်သာ၍ကောင်း မွန်သည်။ ခရစ်တော်သည် ဝိညာဉ် ရေးရာ တန်ခိုးကို ဖန်တီးပေးသည်။ သို့သော် ခရစ်တော်သည် ထိုတန် ခိုးထက်ပို၍ ကောင်းမွန်သည်။ ကိုယ်တော်သည် ဘုရားသခင်၏ အကောင်းဆုံး ဖြစ်တော်မူသည်။ ကိုယ်တော်သည် ဘုရားဖြစ်တော်မူသည်။ ကျွန်တော်တို့သည် ဤ အကောင်း ဆုံးကို ပိုင်ဆိုင်နိုင်ကြသ်ည။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုပိုင်ဆိုင်နိုင်ကြသည်။ ကျွန်ုပ်တို့သည် ကိုယ်တော့ အပေါ် လုံးဝဥသုံးအ သက်တာဆက်ကပ်နိုင်ကြသည်။ ကျွန်ုပ်တို့သည် ကိုယ်တိုင် အသက်မရှိဘဲ မိမိကိုယ်ကို စွန့်လွှတ်ရမည်ဖြစ်သည်။ သို့သော် ခရစ်တော်သည် ကျွန်ုပ်တို့အထဲ၌ အသက်ရှင်တော်မူသည်။ ကိုယ်တော်ကို သင်လက်ခံမည်လော။

-မှီငြိမ်းကိုးကားသောစာအုပ်၊ Charles G.Trumbull (1872-1941)ရေးသားသော *"အောင်မြင်သောဘဝ"*ဖြစ်သည်။ Trumbull သည် နှစ်ပေါင်းများစွာ *ဥပုသ်စာဖြေကျောင်း*၌ တွဲဖက်ဆရာတစ်ပါး အဖြစ်အမှုတော် ထမ်း ဆောင်၍ အယ်ဒီတာနှင့်ညွန်ကြားရေးမှူးဖြစ်သည်။

# အောင်မြင်သောဆုတောင်းခြင်း-အသင်းတော်၏ လိုအပ်မှု

## Prevailing Prayer- The Need Of The Church

*By Wesley L. Duewel*

ယနေ့ဘုရားသခင်အလိုအပ်ဆုံးသောအရာမှာ အောင်မြင်သောဆုတောင်းခြင်း၊ ကိုယ်စားပြုဆုတောင်းခြင်း၊ ဆုတောင်းအားကြီးခြင်း၊ ဆုတောင်းခြင်း တိုက်ပွဲဆင်နွှဲခြင်းနှင့် ကောင်းကင်တန်ခိုး ပေါ်ပေါက်လာသည့် အထိ ဆုတောင်းခြင်းနှင့် ဘုရားသခင်၏ အလိုတော်ကို လောက၌ ပြည့်စုံစေခြင်း တို့ကို သိသော အမှုတော်ဆောင်များဖြစ်ကြသည်။

စိတ်အားကြီးသူများထက်အဖွဲ့အစည်းတည်ထောင်သူများပို၍ များပြားလာသောအခါတွင်လည်းကောင်း၊ ဆုတောင်း အားကြီးသောသူများထက် အမှုတော်ဆောင်များပို၍ များပြားလာသောအခါတွင်လည်းကောင်း ဘုရား သခင်သည် စိုးရိမ်ကြောင့်ကြမှုနှင့်လျှော့ကျမှုများဖြစ်စေတော်မူသည်။ ဘုရားသခင်၏ နှလုံးသားကို မြင်တွေ့သောဆုတောင်းအားကြီးသူများ၊ ကားတိုင်တော်၏ တန်ခိုးနှင့် ဘုန်းတော် ကိုလက်တွေ့ခံစားရသောသူများ၊ ကျမ်းစာ၏ အနက်အဓိပ္ပါယ်ကို နားလည်သဘော ပေါက်သောသူများ၊ နှင့်တရားစီရင်ရာနေ့၊ ကောင်းကင်နှင့်ငရဲတို့၏ အရေးပါမှု နားလည်သဘော ပေါက်သောသူများကို ကျွန်ုပ်တို့ လိုအပ်လျက်ရှိသည်။ ကျွန်ဘဝခံစားသောသူများ၊ ထာဝရ မြော်လင့်ချက် မရှိသေးသောသူများ၊ နှင့် ကယ်တင်ခြင်းမရသေး၍ ချည်နှောင်ခြင်းခံရသောသူများ၊ တန်ခိုး၊ ပျော်ရွှင်ခြင်း ပြုပြင်ပြောင်းလဲမှု လိုအပ်သူများ၊ ကယ်တင်တော်မူသော ခရစ်တော်၏ ဘုန်းတော်ကို လိုလားသောသူများအတွက် ဆုတောင်းအားကြီးသူများကို ကျွန်ုပ်တို့ လိုအပ်လျက် ရှိကြသည်။ ဘုရားသည် ဘုရားဖြစ်တော်မူကြောင်း နှင့်စာတန်သည် စာတန်ဖြစ်ကြောင်း ဆုတောင်းသော ဆုတောင်းအားကြီးသူများကို ကျွန်ုပ်တို့လိုအပ် လျက်ရှိကြသည်။

ဘုရား သခင်သည် ဆုတောင်းခြင်း၌အောင်မြင်သော လူများကိုရှာဖွေတော်မူသည်။ ကိုယ်တော် ဘိသိက် တော်မူခြင်း၏ အနက်အဓိပ္ပါယ်မှာ လောကကို ဖြောင့်မတ်ခြင်းသို့ပြောင်းရွှေ့ခြင်း၊ လူသား များအား ကယ်တင်ခြင်းသို့ ပို့ဆောင်ခြင်းဖြစ်သည်။ ဘုရားသခင်သည် ကမ္ဘာပေါ်တွင်ရှိသော လူ

သန်းပေါင်းများစွာတို့၏ အပြစ်နှင့် လိုအပ်မှုကိုမြင်တော်မူ၍ သူတို့ကို ချစ်တော်မူကာ အပြစ် တရား၊ စာတန်နှင့် ငရဲမှ ကယ်တင်တော်မူလို သောကြောင့် ကိုယ်တော်သည် ဆုတောင်း အားကြီးသော သူများကို ရှာဖွေတော်မူသည်။ သူတို့၏ အတွက် ပြစ်ကြွေး အားလုံး ပေးဆပ်ခဲ့ပြီး ဖြစ်သည်။ ကရာနီ လုပ်ငန်းများသည် ထာဝရ အောင်မြင်ပြီးဆီးသွားခဲ့သည်။ အရာအားလုံးသည် အသင့် ဖြစ်နေ သော်လည်း လူသားများသည်အပြစ် တရားကြောင့် မျက်စိကန်းနေသည်။ ပူဆွေးနေကြသည်။ စိတ်နှလုံး မာကြောနေကြသည်။

ကမ္ဘာပေါ်တွင်ရှိသော လူသန်းပေါင်းများတွက်ဘုရားသခင်၏ အလိုတော်မှာ အောင်မြင်သောဆု တောင်းခြင်း ဖြစ်သည်။ ထိုကြောင့် သခင်ယေရှုသည် နေ့ည ဆုတောင်းတော်မူသည်။ ကျွန်ုပ်တို့သည် လည်း အစဥ်မပြတ် ဆုတောင်းခြင်း အားဖြင့် ပူးပေါင်းပါဝင်လုပ်ဆောင်ရန် လိုအပ်ကြသည်။ ဘုရားသ ခင်သည် ဆုတောင်းခြင်းအားဖြင့် လူသား များကိုကယ်တော်မူရန် ဘိသိက်တော်မူခဲ့သည်(ဆာလံ ၂း၈)။ ဤအရာသည် ကိုယ်တော်၏ ထာဝရ အကြံအစည်ဖြစ်သည်။ ထိုကြောင့် သခင် ယေရှု ကိုယ်တော်တိုင် ဆုတောင်းတော်မူသော ကြောင့် ကျွန်ုပ်တို့သည်လည်း ဆုတောင်းရမည် ဖြစ်သည်။

### ကျွန်ုပ်တို့သည် ဘုရားကို မသိကြပေ

အားနည်း၍ သတိမချပ်သော ခရစ်ယာန်များသည် ဘုရားသခင်ကြီးမားသော မေတ္တာတော်နှလုံး သားကို မသိကြပေ။ သူတို့အတွက် အသေခံ၍ ရှင်ပြန်ထမြောက်လျက်ရာဇပလ္လင်တော်၌စိုးစံတော်မူ သောကယ်တင်ရှင်ကို မသိကြပေ။ သူတို့အတွက် ငိုကြွေး၍ဆုတောင်းသော ဝိညာဥ်တော်ကို မသိကြ ပေ။ ဘုရားသခင်သည် ကျေးဇူးပြု လိုတော်မူသည်(ဟေရှာ ၃၀း၁၈)။ သို့သော် ကျွန်ုပ်တို့ အားကိုယ် တော်ဖန်ဆင်းတော်မူခြင်း၊ ကယ်တင်တော်မူခြင်းနှင့် ယနေ့တိုင်အသက်ရှင်ရန်ပြုစုတော်မူခြင်းအခန်း ကဏ္ဍကို ကျွန်ုပ်မပြည့်စုံစေနိုင်ကြ၍ ကိုယ်တော့်ကိုမမြင်နိုင်ကြခြင်း ဖြစ်သည်။

အသင်းတော်များ၊ သာသနာအဖွဲ့အစည်းများနှင့်ခရစ်ယာန်အဖွဲ့အစည်းများကိုဖွဲ့စည်းတည် ထောင်၍ ဝန်ထမ်းများစွာရှိကြသည်။ သူတို့သည် တစ်နေကုန်အလုပ်ကြိုးပမ်းခဲ့ကြသည်။ သို့သော် အကျိုးတက်ရောက်မှုမှာ မည်သည့် နေရာတွင်ရှိသနည်း။ ကျွန်ုပ်တို့သည် သူတို့အတွက်ဆုမတောင်းခဲ့ ကြပေ။ သူတို့အား အောင်မြင်သော ဆုတောင်းခြင်း အသက်တာအခန်းကဏ္ဍကို အသွန်သင်ခဲ့ကြပေ။

သူတို့အား တန်ခိုးကြီးသော အောင်မြင်သော ဆုတောင်းခြင်းနှင့် လမ်းပြ ပို့ဆောင်ပေးသော နည်းစနစ်ကို မပြုခဲ့ကြပေ။

ဆုတောင်းရန် သတိလစ်ကြသည်။ သို့သော် သန်းပေါင်းများစွာသော ခရစ်ယာန်တို့သည် ပို၍ ရှုံးနေကြသည်။ သူတို့သည် ဆုတောင်းခြင်းကို ယုံကြည်ကြသည်။ သူတို့သည် နှုတ်ဖြင့် စကားလုံး လုလု ရွေး၍ ဆုတောင်းတတ်ကြသည်။ သို့သော် သူတို့သည် အောင်မြင်သော ဆုတောင်းခြင်း အားဖြင့်ဝိညာဉ် ရေးရာတိုက်ပွဲ ဆင်နွှဲ အောင်မြင်ခြင်းမရှိကြပေ။ ဘုရားသခင်၏ ကြီးမားသော တန်ခိုးတော်ကိုသိရှိခြင်း ကိုဆုတောင်းခြင်းအားဖြင့် အမြဲတမ်းရရှိနိုင်ကြသည်။ သူတို့သည် အောင်မြင်သည် အထိ ဆုမတောင်းခဲ့ကြပေ။

"ယုံကြည်သူများဆုတောင်းခြင်းသင်ပေး၍ နေ့စဉ်အသက်တာ၌ဆုတောင်းသောခရစ်ယာန်ခေါင်းဆောင်များ မည်သည့်နေရာတွင်ရှိနေကြသနည်း။" ဘုရားသခင်၏ လူများအားဆုတောင်းစေသော တမန်တော် ခေါင်းဆောင်များ မည်သည့်နေရာတွင် ရှိနေကြသနည်း။ (E.M.Bound, *ဆုတောင်းခြင်းအားဖြင့် တန်ခိုးရရှိခြင်း*)။ ဆုတောင်း ခြင်းအားဖြင့် အောင်မြင်သောသူများသာလျှင် အောင်မြင်ခြင်းနည်းလမ်းကို သိသောနောက်လိုက်များစွာ မွေးထုတ်ပေး နိုင်သည်။ အောင်မြင်သော တမန်တော်များသည် ဆုတောင်းသောစစ်သည်များမွေးထုတ်ပေးနိုင်သည်။ ဆုတောင်းခြင်း မရှိသော ပလ္လင်တော်များသည် ဆုတောင်းခြင်းမရှိ တန်ခိုးမဲ့နေသော ပရိတ်များမွေးထုတ်ပေးသည်။ ယနေ့ အသင်း သူ/သားများအား ဆုတောင်းရန် ခေါ်ဖိတ်သူ ဆုတောင်းရန်သွန်သင်သူသည် မည်သူဖြစ်သနည်း။ ဆုတောင်း အားကြီးသည် မည်သည့်နေရာတွင် ရှိသနည်း။

### ခရစ်တော်နှင့်အတူ ကိုယ်စားပြုဆုတောင်းရန် ဘုရားသည် ကျွန်ုပ်တို့အား ဘိသိတ် တော်မူခြင်း

ဘုရားသခင်သည် ခရစ်တော်အား ကိုယ်စားပြုဆုတောင်းအားကြီးသူအဖြစ်ဘိသိတ်ပေးတော်မူခဲ့သည်။ ဖန်ဆင်းခြင်းမှ ကိုယ်တော်သည် လူသားများအတွက် ဆုတောင်းပေးတော်မူသည်။ ယခုတွင် ကိုယ်တော်သည် ကျွန်ုပ်တို့ ကိုယ်စားကောင်းကင်နိုင်ငံတော်တွင် ဆုတောင်းပေးတော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ထာဝရ ယဇ်ပရောဟိတ်ကြီး ဖြစ်တော်မူသည်။ ကိုယ်တော်သည် ယဇ်ပရောဟိတ်ကြီးအဖြစ် ကျွန်ုပ်တို့ အားလုံးအတွက် တစ်ကြိမ်တည်း ယဇ်ပူဇော်ပေးတော်မူခဲ့သည်။ သို့သော်

ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် အမြဲတမ်း ဆုတောင်းပေးတော်မူသည်။ ထိုကြောင့် ဘုရားသခင်၏ သားတော်၊ သခင်နှင့်ကယ်တင်ရှင်သည် အစဉ်အမြဲ၊ အင်တိုက် အားတိုက် ပြည့်စုံစွာ ကိုယ်စားပြုဆု တောင်းပေးတော်မူသည်။

ဘုရား သခင်သည် ကျွန်ုပ်တို့အား ဘုရားခသင်နှင့်စိတ်ပိုင်းရော၊ အကျင့်ကိုပါတူညီရန် ဘုရားသခင်၏ ပုံသဏ္ဍာန် တော်နှင့် အညီဖန်ဆင်းတော်မူခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သုံးပါးတစ်ဆူနှင့် မိတ်သဟာယ ဖွဲ့ရန် ဖန်ဆင်းတော် မူခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့သည် သားတော်ဘုရားနှင့် အထူးမိတ်သဟာယဖွဲ့ရန် ကျွန်ုပ်တို့ အားလုံးကို ဘိသိတ်တော်မူခဲ့သည်။ ကျွန်ုပ်တို့သည် သားတော် (၁ကော ၁း၉) သတို့သား သားတော်နှင့် ဝိညာဉ်ရေးရာ၌ မိတ်သဟာယဖွဲ့ရန် ဖန်ဆင်းတော်မူခဲ့သည်(ဟေရှာယ ၆၂း၅၊ ယောဟန် ၃း၂၉၊ ဖေက် ၅း၂၅-၂၆၊ ဗျာဒိတ် ၂၁း၉)။

ကျွန်ုပ်တို့သည် ဘုရားသခင်အဖြေပေးတော်မူသည့်အထိ ကိုယ်စားပြုဆုတောင်းရန် ဖန်ဆင်းခြင်း၊ ကယ်တင်ခြင်းနှင့်ခေါ်ခြင်း ခံရသောသူများဖြစ်ကြသည်။ အောင်မြင်သော ကိုယ်စားပြုဆုတောင်းခြင်းသည် ယနေ့အတွက် ခရစ်တော်၏ ကြီးမားသောဦးစားပေးခြင်းဖြစ်သဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်စား အသက်ရှင် သူများဖြစ်ကြသောကြောင့် နေ့တိုင်း ဆုတောင်း ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အမြင်ဖြင့် လူများနှင့် သူတို့၏ လိုအပ်မှုများကို မြင်တွေ့ နိုင်ရန်အတွက် ကိုယ်တော်သည် ကျွန်ုပ်တို့အား သန့်ရှင်းသော ဝိညာဉ်တော်ကို ပေး အပ်တော်မူခဲ့ သည်။ ကျွန်ုပ်တို့ သည် ဆုတောင်း အားနည်းသည့် အချိန်တွင် သန့်ရှင်းသော ဝိညာဉ်တော်သည် မစတော်မူရန် ကိုယ်တော်သည် ဘိသိက်ပေးတော်မူခဲ့သည်(ရောမ ၈း၂၆)။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ နာမတော် အားဖြင့် ဆုတောင်းရန်အတွက် အခွင့်အာဏာချပေး တော်မူသည် (ယောဟန် ၁၄း၁၃-၁၄၊ ၁၅း၁၆၊ ၁၆း၂၃-၂၄)။

ကျွန်ုပ်တို့သည် ဘုရားအတွက် ယဇ်ပရောဟိတ်များဖြစ်စေတော်မူသည်။ ယဇ်ပရောဟိတ်များ အားလုံး၏ အခန်းကဏ္ဍ ကိုယ်စားပြုဆုတောင်းရမည် ဖြစ်သည်(ဗျာဒိတ် ၁း၆)။ ကျွန်ုပ်တို့သည် ယဇ်ပရောဟိတ် များဖြစ်ကြ သည်(၁ပေ၂း၅)။ မင်းမျိုးမင်းနွယ်များလည်းဖြစ်ကြသည်(အငယ်၉)။ ရှင်ဘုရင် အမှုထမ်းများလည်းဖြစ်ကြသည်။ ကျမ်းစာဖော်ပြချက်နှင့်အညီ ကျွန်ုပ်တို့သည် ကိုယ်စားပြု အများသူ

အတွက် ဆုတောင်းရမည့် ဘုရားသား သမီးဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ဆုတောင်းရမည့် ဘုရင့် မျိုးနွယ်များဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကဲ့သို့ ကိုယ်စားပြု ဆုတောင်းခြင်းအားဖြင့် ခရစ်တော်၏ အုပ်ချုပ်မှုကို တာဝန်ယူသောသူများဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း အားဖြင့် ခရစ်တော်၏ အုပ်စိုးမှု အာဏာကို မျှဝေခံစားသောသူများဖြစ်ကြသည်။ (R.V.G. Tasker, gen.ed., *The Tyndale New Testament Commentaries,* Vol.17: *The First Epistle General of Prayer,* by Alan M. Stibbs). ကိုယ်တော်သည် ကျွန်ုပ်တို့အား မင်းမျိုးမင်းနွယ် အာဏာကို ပေးအပ်တော် မူခဲ့သည်။

“ဘုရားသခင်သည် ကျွန်ုပ်တို့ ဆုတောင်းခြင်းအားဖြင့်အမှုပြုတော်မူခဲ့သည်… ဆုတောင်းခြင်း အားဖြင့် အသင်း တော်သည် လောကကိုအုပ်စိုးရန် တန်ခိုးရရှိသည်။” ဆုတောင်းခြင်းအားဖြင့် ဘုရား သခင်သည် အမှုပြု တော်မူ၍ စကားပြောတော်မူသည်။ ဘုရားသခင်သည် လွတ်လပ်သောအချုပ်အ ခြာဖြင့် လွတ်လပ်စွာ အမှုပြုတော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ဆုတောင်းခြင်းအပေါ်အမှုပြု တော်မူသည်ဟု ဆိုရာတွင် ကိုယ်တော်၏ လုပ်ဆောင် နိုင်တော်မူသော အရာကို ကန့်သတ်ထားသကဲ့ သို့ဖြစ်သည်။ Hallesby က “ကောင်းကင်ဆိုင်ရာတန်ခိုးကို လောကသို့ ယူဆောင်သွားခဲ့သည်”ဟု ဆု တောင်းခြင်းအကြောင်းကို ပြောသည်။ ကျွန်ုပ်တို့ယုံကြည်ခြင်း ဆုတောင်းချက်အား “ဘုရားသခင် အား တိတ်ဆိတ်ပြင်းထန်စွာစကားပြောခြင်း”ဟု ထည့်သွင်းဖော်ပြထားသည်။ ဤအရာသည် ခရစ်တော် အားဖြင့် ကိုယ်တော်၏ ကယ်တင်ခြင်းတန်ခိုးတော်ကို လောကသို့ပေးကမ်းနိုင်လိမ့်မည်။ ကလ်ဗင်းက ဆုတောင်းခြင်း အကြောင်းနှင့်ပတ်သက်၍ အနက်ဖွင့်ဆိုရာတွင် ဆုတောင်းခြင်းသည် စာတန်၏ တန်ခိုးကို မှောက်လှန်၍ ဘုရား သခင်၏ နိုင်ငံတော်တည်ထောင်ခြင်းဟု ပြောခဲ့သည်။ (O.Hallesby, *Prayer).*

## ဆုတောင်းခြင်း၏ ဘုန်းတန်ခိုး

ယနေ့ကိုယ်တော်၏အစိုးရသောပလ္လင်အပေါ် ခရစ်တော်၏အမြင့်ဆုံးဘုန်းအာနုဘော်တော် တည်ရှိခြင်းသည် ကိုယ်တော်၏ ကိုယ်စားပြု ဆုတောင်းခြင်းတန်ခိုးဖြစ်သည်(Andrew Murray, *ကိုယ် စားပြု ဆုတောင်းခြင်း၏ အမှုတော်မြတ်)*။ ဤအရာသည် အမြင့်ဆုံးသော ဘုန်းတန်ခိုး ရှိသော

သာသနာ လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ခရစ်တော် နှင့် အတူ လက်တွဲ၍ ကိုယ်တော်စားပြု အများ အတွက် ဆုတောင်းခြင်းသည် ခရစ်တော်နှင့်တူသော အသက်တာ ဖြစ်သည်။ ကိုယ်စားပြု ဆုတောင်းခြင်းသည် ခရစ်တော် အသင်းတော်အတွက် ခရစ်ယာန်တစ်ဦး၏ ပို၍ ကြီးမားသော ခွန်အားနှင့် ကောင်းချီး မင်္ဂလာများစီးဆင်းစေသော နည်းလမ်းဖြစ်သည်။ ကိုယ်စားပြု ဆုတောင်းခြင်း အားဖြင့် ခရစ်တော်၏ နိုင်ငံတော်ပို၍ကျယ် ပြန့်လာကာ သခင်ယေရှု၏ နာမတော် ထင်ရှားစေသည်။ ကိုယ်တော်ပြု ဆုတောင်းခြင်းသည်သင့်အတွက် ဤလောကတွင် အသက်ရှင် နေစဉ် သင်လုပ်ဆောင် နိုင်သော လုပ်ငန်း တစ်ရပ်ဖြစ် သည်။

ဆုတောင်းခြင်းသည် ခရစ်တော်၏နှလုံးသားနှင့်သင့်ကိုစည်းလုံးစေသောကြောင့် ဆုတောင်း သောအခါ ဘုရားဘုန်း တော် ထင်ရှားသည်။ ခရစ်တော်၏ရုပ်ပါရုံနှင့် အကြံအစည်တော်နှင့် ခရစ်တော်၏ သန့်ရှင်းသော ဆုံးဖြတ်ချက်များကို ဆုတောင်းသောအခါ သင်သိရှိနိုင်သောကြောင့် ဆုတောင်းခြင်းသည် အလွန်တန်ခိုးရှိသည်။ တစ်ခါ တစ်ရံ ပျောက်ဆုံးသော ဝိညာဉ်များနှင့် ခရစ်တော်၏ ဝန်တာများအတွက် ငိုကြွေးမှုလည်းဖြစ်စေနိုင်သည်။ ကိုယ်စား ပြုဆုတောင်းခြင်းသည် ခရစ်တော်ကိုအစေခံသူအား လုံး၏လုပ်ငန်းတာဝန်ဖြစ်၍ ဝိညာဉ်တော် ထိန်းချုပ်ခြင်းလည်း ဖြစ်စေ သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ခရစ်တော်၏ နာကျင်မှုကိုမျှဝေခံစားစေသည်။ သားတော် ကဲ့သို့ ငိုကြွေးစေသည်။ သန့်ရှင်း သောဝိညာဉ်တော်ကဲ့သို့ ညည်းတွားစေသည်။(ရောမ ၈း၂၆)။

ဆုတောင်း၍ ခရစ်တော်နှင့်အတူငိုကြွေးစေသည်။ ခရစ်တော်ကိုချစ်စေသည်။ ခရစ်တော်အ တွက် လောင်ကျွမ်းသောစိတ်ရှိစေသည်။ ကိုယ်စားပြုအများအတွက် ဝိညာဉ်တိုက်ပွဲဆင်နွှဲ၍ အောင် မြင်မှုကို မျှဝေခံစားစေသည်။ တစ်ခါတစ်ရံ အောင်မြင်ခြင်းစိတ်လှုပ်ရှားမှုအားဖြင့် နောင်လာမည့်ကာ လအတွက် (ဟေဗြဲ ၆း၅) တန်ခိုးပေး၍ ဝမ်းမြောက်စေသည်။ သင်၏ ဆုတောင်းခြင်းသည် နားညောင်း အဖြေရရှိသည်ဟု ဝိညာက်တော်အားဖြင့် သိနိုင် သောကြောင့် ငြိမ်းချမ်းမှုဖြစ်စေသည်။ မျက်စိဖြင့်မြင်တွေ့နိုင်သော အဖြေသည် ချက်ချင်းခံရသော ဆုတောင်းခြင်း အဖြေမဟုတ်ပေ။

သို့သော် သင်သည်ဘု ရားသခင်၏ အလိုတော်ကိုသိရမည်။ ဘုရားသခင်၏ အဖြေကို အတိအကျ သိရမည်ဖြစ်သည်။

ကိုယ်စားပြုဆုတောင်းချက်အားလုံးသည် နောက်ဆုံးတွင်အဖြေရရှိ၍ လောကတွင်ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေသည်။ ဘုရားဘုန်းတော်ထင်ရှားစေခြင်းသည် ဆုတောင်းခြင်း၏အဖြေဖြစ်သည်။ ခရစ်တော်၏ တရားပလ္လင်၌ ဘုရားသခင်၏ဆုတောင်းအားကြီးသူများအတွက် ထာဝရနှင့်စပ်ဆိုင်သော ဂုဏ်ပြုခြင်း များနှင့် ဆုလဒ်များကို ကြေငြာအပ်နှင်းခြင်းခံရမည် ဖြစ်သည်(၁ကော ၃း၁၁-၁၅၊ ၄း၅၊ ၉း၂၅)။

ထိုအချိန် ရောက်သောအခါ သင်၏ ဆုတောင်းချက်များသည် ဘုရားသခင်၏ အခြားလူများဆုတောင်းခြင်းများ၊ ခရစ်တော်၏ ကိုယ်စားပြုဆုတောင်းခြင်းများ၊ ဘုရားသခင်၏ သားတော်တို့နှင့် တစ် လုံးတစ်ဝဖြစ်သည်ကို မြင်တွေ့သောအခါ အလွန်ဝမ်းမြောက်စရာဖြစ်လိမ့်မည်။ ထိုအချိန်တွင် ခေတ် အဆက်ဆက်က ဘုရားသခင်၏ တန်ခိုးကြီး၍ တိတ်ဆိတ်စွာဆုတောင်းသော သန့်ရှင်းသူများနှင့် သင်တွေ့လိမ့်မည်။ သန့်ရှင်းသောကိုယ်စားပြု ဆုတောင်း ချက်အားလုံးသည် ဘုရားသခင်၏ နှလုံးသား၌အစပြုသည်ကို သင်မြင်တွေ့လိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော် အားဖြင့် ဘုရားသခင်၏ နှလုံးသားကို မျှစေခံစားလိမ့်မည်။ သားတော်အားဖြင့် ခမည်းတော်၏ အတူရှိတော်မူခြင်းခံစားရမည်။ ဘုရားသခင်သည် မိမိကောင်းကင်တမန်များစေလွှတ်တော်မူလိမ့်မည်။ ထိုနောက် ကိုယ်စား ပြုဆုတောင်းခြင်းသည် အချည်းနှီး သက်သက် မဟုတ်သည်ကို သင်မြင် တွေ့လိမ့်မည်။ သင်သည် ကိုယ်တော်၏ ပလ္လင် တော်အမှူ အတော်မြတ်နှင့် ထာဝရ အောင်မြင်ခြင်း၌ မထိုက်တန်ဘဲ လက်တွဲပါဝင်ခွင့်ရခြင်းကို စဥ်းစားသောအခါ ဘုရားသခင်၏ ကောင်းမြတ် တော်မူခြင်း၊ မေတ္တာတော်နှင့် ဘုန်းတော်များကိုအတွက် ကိုယ်တော့ ရှေ့မှာ ဒူးထောက်လိမ့်မည်။

ကိုယ်တော်ဘုရား၊ အောင်မြင်သောဆုတောင်းခြင်း၏အခွင့်အလမ်း၊ တာဝန်ဝတ္တရားများနှင့် ဘုန်းတော်များကို ကျွန်ုပ်တို့အား သွန်သင်တော်မူပါ။

# ဤ အချိန်အခါအတွက် ခေါ်ခြင်း

## Called For Such A Time As This

***By R. Reed***

ကျွန်ုပ်တို့ နေထိုင်သောခက်ခဲ မွန်းကြပ်ချိန် သတင်းစကားကို ရောမ ၁၃း၁၁-၁၄၌တွေ့ရသည်။

“ထိုမှတပါး၊ ငါတို့ကို ကယ်တင်သော ကျေးဇူးတော်သည် ငါတို့ ယုံကြည်သော နေ့ရက်၌နီး သည်ထက် ယခုသာ၍ နီးသောကြောင့်၎င်း၊ညဥ့်အချိန်ကုန်လု၍ နေ့အချိန်ရောက်လုသော ကြောင့်၎င်း၊ ယခုအခါ အိပ်ပျော်ရာမှနိုးရ သောအချိန်ရောက်ခဲ့ပြီဟု ငါတို့သည်သိ၍ ကာလအချိန်ကို ထောက်လျက်၊ မှောင်မိုက်၏အကျင့်ကို ပယ်ရှား၍၊ အလင်း၏ လက်နက်စုံကို ဝတ်ဆင် ဆောင်ရွက်ကြကုန်အံ့။ ပွဲလုပ်ခြင်း၊ ယစ်မျိုးသောက်ကြူးခြင်း၊ မတရားသော မေထုန်၌ မှိုဲခြင်း၊ ကိလေသာ ညစ်ညူးခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်းအမှုတို့ကို ကြဉ်ရှောင်၍၊ နေ့အချိန်၌ ကဲ့သို့ တင့်တယ် လျောက်ပတ်စွာ ကျင့်ဆောင် ပြုမူကြကုန်အံ့။ သခင်ယေရှု ခရစ်ကို ယူတင်ဝတ် ဆောင်ကြ လော့။ ကိုယ်ကာယ၏ တပ် မက်ခြင်းအလိုငှါ မကြံစည်ကြနှင့်”(ရောမ ၁၃း၁၁-၁၄)။

ဤ နေရာတွင်ဘုရားသခင်၏ပြင်ဆင်တော်မူခြင်းခံသောသင်းအုပ်ဆရာများနှင့်အသင်းတော် များသည် ခက်ခဲမှုများအားဖြင့် လူမှုအဖွဲ့အစည်း၏ စိမ်ခေါ်မှုကိုခံရကြမည်ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့ သည်လည်း ခက်ခဲမှုဖြင့် စိန်ခေါ်မှုများခံရကြသည်မဟုတ်လော။

ရှင်ပေါလုသည် ရောမမြို့၌ရှိသော ငယ်ရွယ်သောအသင်းတော်ကိုစာရေးသားခြင်းဖြစ်သည်။ ထိုအချိန်တွင် ရောမအဖွဲ့ အစည်းနှင့် ယုဥ်ကျေးမှုတို့သည် အခြေအနေဆိုး၍ ကျဆင်းနေခဲ့ရသည်။ အင် ပါယာကြီးသည် ပြိုကွဲသွားသည်။ သမိုင်းအစောပိုင်းတွင် ဥပဒေနှင့်အုပ်ချုပ်မှုများ၊ နိုင်ငံရေး အခြေအ နေ၊ ကိုယ်ကျင့်တရား၊ ပြည်တွင်း စည်းကမ်းလိုက်နာမှုများသည် အဆင့်မြင့်နေခဲ့သည်။ သို့သော် ယခုတွင် ပျက်စီးယိုယွင်းနေသည်။ တရားဥပဒေမဲ့ နေသည်။ ကိုယ်ကျိုး အတွက်သာ ရှာဖွေနေသည်။ ကိုယ် အလိုကိုသာဦးစားပေးလိုက်လျှောက်ကြသည်။ လောဘ ကျူးလွန် နေကြသည်။ ထိုအချိန်တွင် လူမှုအ ဖွဲ့အစည်း၌ မကောင်းသောမျိုးစေ့များ တဟုန်ထိုး ပေါ်ပေါက် လာ၍ အပြစ်တရားသည် လျှင်မြန်စွာကြီး ထွားလာခဲ့သည်။ Edward Gibbon သည် *ရောမ*

*အင်ပါယာ ပျော့နည်း ကျဆင်းခြင်း* အကြောင်းကို ရေးသားသောသမိုင်း ပညာရှင်ဖြစ်သည်။ သူက ရောမအင်ပါယာကျဆင်းခြင်းသည် တိုက်ခိုက်မှုကြောင့် မဟုတ်ဘဲဝင်း၏ ပျက်သုဉ်းမှုနှင့် ပျက်စီးမှုကြောင့် ဖြစ်သည်ဟု မှတ်သားဖွယ် ကောင်းစွာ ရေးသားခဲ့ သည်။

ထိုကြောင့် ရောမမြို့တွင်ရှိသော ငယ်ရွယ်သောအသင်းတော်တွင်ဖြစ်ပျက်နေသောလူမှုရေးအမျိုး အစားဖြစ်သည်။ ရောမခရစ်ယာန်များသည် လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပြည်တွင်းရေးနှင့် ကိုယ် ကျင့်တရားပျက်ပြားခြင်း စသောအချိန်များတွင် အသက်ရှင်နေကြသည်။ ထိုအချိန်သည် ယနေ့ ကျွန်ုပ် တို့အသက်ရှင်နေသောအချိန်နှင့် များစွာတူညီသည်။

အခန်းငယ် ၁၁ တွင် "ထိုမှတပါး၊ ငါတို့ကို ကယ်တင်သော ကျေးဇူးတော်သည် ငါတို့ ယုံကြည်သော နေ့ရက်၌ နီးသည်ထက် ယခုသာ၍ နီးသောကြောင့်ဇင်း၊" ဟု ဖော်ပြထားသည်။ တမန်တော်ရှင်ပေါလုသည် "အချိန်"စကားလုံးကို နှစ်ကြိမ်တိတိအသုံးပြုခဲ့သည်။ "အချိန် သိခြင်း၊ ယခုချိန်သိခြင်း" တို့ဖြစ်သည်။ ဤစကားလုံးတို့၏ မူရင်းမှာ မတူညီသောစကားလုံးနှစ်လုံးကို အသုံးပြုသည်။ ပထမစကားလုံး "အချိန်"- " *အချိန်*ကို သိရှိခြင်း" အဓိပ္ပါယ်သည် အထူးအချိန်ခါမယဖြစ်သည်။ အချိန်ကောင်း အခွင့်ကောင်းဖြစ်သည်။ ဤ စကားလုံးသည် အသုံးများသောစကားလုံး၊ သာမန်အသုံးပြုသောစကားလုံးမဟုတ်ပေ။ ဤစကားလုံးသည် ခက်ခဲခြင်း သို့မဟုတ် အရေးပေါ်အခြေအနေများဖြင့် မှတ်သားရသည်။ ဘေးကြပ်နံကြပ်ဖြစ်သော အချိန်ဖြစ်သည်။ Williams က သူ၏ ဓမ္မသစ်ကျမ်း အနက်ဖွင့်ကျမ်းတွင်ဤသို့ဖော်ပြသည်။ "လက်ရှိ မွန်းကြပ်မှုကိုသိခြင်း။" ရောမမြို့အသင်းတော်သို့ တမန်တော်ရှင်ပေါလုကခက်ခဲ ကျပ်တည်းသောကာလများနှင့် အရေးပေါ်အခြေအနေ ကာလများကို အသိအမှတ် ပြုသည်။

ဒုတိယ စကားလုံး "ယခုချိန်သည် နိုးထရမည့်အမြင့်ဆုံး*ချိန်*ဖြစ်သည်..."ဟူသည်မှာလက်တွေ့လုပ်ဆောင်ရမည့်အရာဖြစ်သည်။ အရေးပေါ်အခြေအနေ၊ စိတ်ဖိစီးမှုအခြေအနေဖြစ်သည်။ အချိန်နာရီသည် နောက်ကျပြီ ဖြစ်ကြောင်းသူဖော်ပြလိုသောအရာဖြစ်သည်။ လုပ်ဆောင်ရမည့် အငန်းအတာတစ်ခုဖြစ်သည်။ Lenski က သူရေးသားသောကျမ်းစာအနက်ဖွင့်ကျမ်းတွင် ဤနေရာတွင်ရှင်ပေါလု

ဖော်ပြလိုသောအရာမှာ "အချက်ပြခေါင်းလောင်းသံမြည်နေပြီ"ဖြစ်ကြောင့် ရောမမြို့တွင်ရှိသော၏ ခရစ်ယာန်များထံ သူရေးသားထားခြင်း ဖြစ်သည်။

ကျွန်ုပ်တို့ဆက်ဖတ်ပါက အခြေအနေနှင့်ပတ်သက်၍ ပို၍အသေးစိတ်ဖော်ပြထားသည်ကို တွေ့ရသည်။ အခန်းငယ် ၁၃ တွင် "ပွဲလုပ်ခြင်း၊ ယစ်မျိုး သောက်ကြူးခြင်း၊ မတရားသော မေထုန်၌ မှိုဝဲ ခြင်း၊ ကိလေသာညစ်ညူးခြင်း၊ ရန်တွေ့ခြင်း၊ ငုဏ်ပြိုင်ခြင်းအမှုတို့ကို ကြဉ်ရှောင်၍၊ နေ့အချိန်၌ ကဲ့သို့ တင့်တယ်လျောက်ပတ်စွာ ကျင့်ဆောင် ပြုမူကြကုန်အံ့ "ဟု ဖော်ပြထားသည်။ ထိုအဖွဲ့ အစည်း၏ အ ပြစ်များအားလုံးကို အကုန်အစင်တိကျစွာဖော်ပြထားခြင်းမရှိပေ။ အကျဉ်းချုပ်ကို သာဖော်ပြထားပါသည်။ အတွဲ သုံးတွဲရှိသည်။ ဤမတူညီသောအတွဲသုံးတွဲတွင် အပြစ် အားလုံး မကုန် အစင်ပါဝင်သည် ဟု အကြံပြုထားသည်။ ၎င်းတို့သည် အပြစ်ဒုစရိုက်အားလုံးကို ခြုံငုံဖော်ပြ ထားသည်။ လူသားများ၏ အပြစ်များအားလုံးသည် ဤခွဲခြမ်းခြင်းသုံးပိုင်း- နှုတ်၊ စိတ်နှင့် အပြုအမူ၊ ကိုယ်ခန္ဓာ၊ အာရုံနှင့်အတွေး တို့ဖြင့် ခွဲခြားနိုင်သည်။

### ပွဲလုပ်ခြင်းနှင့် ယစ်မျိုးသောက်ကြူးခြင်းမပြုခြင်း

ပထမအပိုင်းတွင် သူက *"ပွဲလုပ်ခြင်းနှင့်ယစ်မျိုးသောက်ကြူးခြင်းမပြုဘဲ အသက်ရှင်ကြပါစို့"*ဟု ဖော်ပြသည်။ ဤအပြစ်တွင် ကိုယ်ခန္ဓာနှင့်စပ်ဆိုင်သောအပြစ်ကျူးလွန်ခြင်းပါဝင်သည်။ ဆိုလို သည်မှာ သူတို့သည် ရိုင်းစိုင်းခြင်း၊ ရှုံးနိမ့်ခြင်းနှင့်ဘုရားတရားမဲ့နေခြင်းတို့ဖြစ်ကြသည်။ လူဆိုး ဂိုဏ်းများသည် တရားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများချိုးဖောက်နေကြသည်။ သူတို့သည် မိမိ စိတ်ကြိုက် ပြုလုပ်ကြသည်။ သူတို့သည် မိမိစိတ်ကြိုက်ရိုက်နက်ကြ၍ မိမိစိတ်ကြိုက် ဖြိုဖျက် တတ်ကြသည်။ ပျက်စီးယို ယွင်းခြင်းသည် ထိုနေ့ရက်၏ အခြေအနေဖြစ်သည်။ တရားဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများကိုရိုသေခြင်းမရှိ နမော်နမဲ့အသက်ရှင်တတ်ကြသည်။ ကျွန်ုပ်တို့သည် မိမိ လူမှုအဖွဲ့ အစည်ကို စဥ်းစားကြလျှင် ဤအရာများဖြစ်ပျက်နေသည်ကို မြင်တွေ့ကြသည် မဟုတ် လော။

ထိုနောက် သူတို့သည် ယစ်မူးနေကြသည်ဟုဖော်ပြသည်။ စိတ်မထိန်းခြင်း၊ မူးဝေခြင်း၊ စိတ်လွတ်ခြင်း၊ စားသောက်မူးယစ်ခြင်းတို့ပါဝင်သည်။ ယနေ့လူမှုအဖွဲ့အစည်းများတွင် လူမှုရေးပြဿနာတစ်ခုမှာ အဘယ်နည်း။ အရက်သောက်ကျူးခြင်းဖြစ်သည်။ ထိုထိတ်လန့်ဖွယ်ကောင်းသောကျိန်ခြင်း ၌ လူများစွာတို့သည် ကျွန်ခံနေကြသည်။ ကျွန်တော်သည် သင်းအုပ်ဆရာ တစ်ပါးအဖြစ်အိမ်များသို့ အလည်အပတ်သွားရောက်သောအခါ မိဘနှစ်ပါးတို့သည် ဤကျိန်ခြင်း၌ချုပ်နှောင်ခြင်းခံရကြလျှက် သူတို့ ကိုယ်သူတို့ကိုဖျက်ဆီး၍ အိမ်များနှင့်သားသမီးများကိုဖျက်ဆီးတတ်ကြသည်။

ကျွန်ုပ်တို့ခရစ်ယာန်များသည် ဤအပြစ်ကိုကျူးလွန်နေကြသည်ဟု ကျွန်တော်ဖော်ပြလိုခြင်းမဟုတ်ပေ။ သို့သော် ယနေ့ခရစ်ယာန်များသည် မိမိအဆင့်အတန်းကိုသတိမမူဘဲလျက် ရက်ကြောက်ဖွယ်ကောင်းသော အရာများပြုလုပ်အသက်ရှင်ကြသည်ကို ကျွန်တော်ဖော်ပြခြင်းသာဖြစ်သည်။ ယခုခရစ်ယာန်များအကြားတွင် မူးယစ်ဆေးဝါးများကို သုံးဆွဲခွင့် ရရှိကြသည်ကို ကျွန်တော်အချပြလိုခြင်းဖြစ်သည်။ ယနေ့လူငယ်များစွာတို့သည် မူးယစ်ဆေးဝါးသုံးစွဲခြင်းကို အပြစ်ဟူ၍ ပင်မမြင်ကြတော့ပေ။

ကျွန်ုပ်တို့သည် နိုးထ၍ ဤ ခေါ်သံကို နားထောင်ရမည့်အချိန်ရောက်နေပါပြီ။ ယနေ့လူမှုအဖွဲ့အစည်းများသည် အလွန်ကြပ်တည်းနေပြီဖြစ်သည်။ ကျွန်ုပ်တို့သည် လောကဆားများအဖြစ် အသက်ရှင်ရန် ဘုရားသခင် ဖန်ဆင်းတော်မူခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဤသို့သော အချိန်များတွင် မိမိခေါ် ခြင်းကို နားလည်သဘောပေါက်၍ အမှုတော်လုပ်ဆောင်ရမည် ဖြစ်သည်။

ထိုနောက် နောက်စာရင်းပြုစုခဲ့သောဒုစရိုက်အပြစ်များကိုလည်းတွေ့ရသည်။ *"ရန်တွေ့ခြင်းနှင့်ဂုဏ်ပြိုင်ခြင်း"* တို့ဖြစ်ကြသည်။ ရန်တွေ့ခြင်းသည် ဆိုးသောအကျင့်ဖြစ်သည်။ ယဥ်ကျေးလိမ္မာရေးခြားမှုမရှိပေ။ တပ်မက်မှုရှိသည်။ လောဘ ကျူးလွန်ခြင်းနှင့် ကာမဂုဏ် ကျူးလွန်ခြင်းဖြစ်သည်။ သူသည် လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်ခန့်က ရောမအကြောင်းကို ပြောပြသည်။ သို့သော် သူသည်ယနေ့ ကျွန်ုပ်တို့အခြေအနေများကို ရည်ညွှန်းဖော်ပြထားသည်။ ကျွန်ုပ်တို့၏ လူမှုရေးအခြေအနေပို၍ကောင်း မွန်ကြောင်း ရောမမြို့သူ/သားတို့သည်ဆိုးရွားကြောင်း လက်ညှိုးထိုးမပြနိုင်ပေ။ ကျွန်ုပ်တို့လုပ်ဆောင် ရန်ခေါ်ခြင်းကိုသတိချပ်ရမည်။ ပွဲလုပ်ခြင်းဟူသည်မှာ ညစ်ညမ်းခြင်း၊ မကောင်းသော

အကျင့်ကိုဆိုလိုသည်။ ဤစကားလုံးသည် ဂရိဝေါဟာရ၌ အရုပ်ဆိုးဆုံးသောစကားလုံးဖြစ်သည်။ သူတို့သည် အကျိုး နည်းအရှက်ကွဲနေရကြသည်။ သူတို့သည် ညစ်ညမ်းလေလေ၊ ပိုနှစ်သက် လေလေ ဖြစ်သည်။ ကျွန်ုပ်တို့ ပတ်ဝန်းကျင်အခြေအနေကိုကြည့်လျှင် ဤသို့သော အခြေအနေ ဖြစ်နေသည်ကို တွေ့ရသည်။

## ပဋိပက္ခနှင့် မနာလိုခြင်းမရှိခြင်း

သူဖော်ပြသောအပြစ် တရားများစွာရှိသည်။ *"ပဋိပက္ခနှင့်မနာလို စိတ်မရှိခြင်း။"* ပဋိပက္ခဟူသည်မှာ ရန်ဖြစ် စကားများခြင်း၊ ဆဲဆိုကြိမ်းမောင်းခြင်း၊ စကားများခြင်း၊ အမျက်ဒေါ်နိုးဆွခြင်းတို့ဖြစ်ကြသည်။ ယနေ့ခရစ်ယာန်များအကြားတွင် ဤသို့သောအရာများတွေ့ရခြင်းသည် ဝမ်းနည်းစရာဖြစ်ပါသည်။ ဤအရာများမဖြစ်သင့်ပေ။ သခင်ယေရှုခရစ်တော်သည် ကျွန်ုပ်တို့အား ကိုယ်တော်၏မေတ္တာ၊ ဂရုဏာတော်နှင့်တန်ခိုးတော်များတို့ဖြင့် ဖြည့်ဆည်းပေး၍ သခင် ယေရှု ခရစ်တော်ကို ချီးမြှောက်ပေးရ မည် ဖြစ်သည်။

ထိုနောက်ပေါလုက မနာလိုခြင်းအကြောင်းကိုဖော်ပြသည်။ မနာလိုခြင်းသည် မာန်မာနထောင်လွှားခြင်း သို့မဟုတ် သဝန်တိုခြင်းဖြစ်သည်။ ဤရာများသည် မသင့်တော်သောအရာဖြစ်သည်။ မနာလိုသဝန်တိုခြင်းသည် ကြီးလေးသောအပြစ်ဖြစ်သည်။ အသင်းတော်များအကြားတွင် မနာလိုသဝန်တိုခြင်းကနေရာယူသောအခါ ဝရုံးသုံးကားဖြစ်ခြင်းများပေါ်ပေါက်လာနိုင်သည်။ ကျွန်ုပ်တို့ခရစ်ယာန်များအကြားတွင် ကိုယ်ကျင့်တရားပျက်ပြားသော အရာမှာ မနာလိုသဝန်တိုခြင်း ဖြစ်သည်။ သူတို့သည် အခြားလူ တစ်ဦးအား ဘုရားသခင်အသုံးတော်ခံခြင်းကို မြင်တွေ့သောအခါ သူတို့က မခံစားနိုင်ကြပေ။ သူ တို့သည် ကိုယ်တော်၏ နာမတော်ကိုအသုံးပြု၍ ဖါရိရှဲများကဲ့သို့ သင့်ကို နာမည်ပျက်စေရန် တစ်စုံတစ်ခုပြုကာသင့်ကို မျက်ရည်ကျစေမည်။

ထိုကြောင့် ရှင်ပေါလုက ကျွန်ုပ်တို့ခေတ်ကာလတွင် ဖြစ်ပျက်မည့် ဆိုးသွမ်းမှုများကို ပုံဖော်ပြောခဲ့ပြီးဖြစ်သည်။ ဤအချိန်သည် သတိချပ်ရမည့် အချိန်ဖြစ်သည်။ သူတို့သည် ခက်ခဲမွန်းကြပ်သော ကာလ များတွင် အသက်ရှင်ကြ သည်။ အသစ်သော အသင်းတော် မွေးဖွားရန် ဘုရားသခင်သည် ပြင်ဆင်တော် မူ၍ တစ်စုံတစ်ခုကိုပြု လုပ်ရသည်။ အဖွဲ့အစည်း၊ လူမှုအသိုင်းအဝိုင်းများ ဆွေ့မြေ

ယိုယွင်းသောအခါ ကောင်းကင် ကိုလိုနီသည်လောကသို့ ရောက်လာခြင်းဖြစ်သည်။ ထို့ကြောင့် ပေါလုသည် ငယ်ရွယ်သော အသင်းတော်သို့ စာရေးသောအခါ လုပ်ဆောင် စရာများကိုလည်း ညွှန်ကြားတော်မူသည်။ သူက အစီအစဉ်ငါးချက်ကိုပေးသည်။ သင်းအုပ် ဆရာများ၊ အသင်းတော်များနှင့် ခရစ်ယာန်များသည် မွန်းကြပ်သော အချိန်နှင့် အရေးပေါ်သော အချိန်များအတွက် လုပ်ဆောင် ရမည့်ခေါင်းစဉ်ငါးဆတို့ကိုရေးသားသည်။

## အိပ်ပျော်သူနိုးထလော့

ကျွန်ုပ်တို့အတွက်ပထမခေါင်းစဉ်မှာ အိပ်ယာမှနိုးထခြင်းဖြစ်သည်။ အငယ် ၁၁တွင် "ယခုအခါ အိပ်ပျော်ရာမှ နိုးရသော အချိန် ရောက်ခဲ့ပြီဟု ငါတို့သည် သိ၍ ကာလအချိန်ကို ထောက်လျက်"ဟု ဖော်ပြထားသည်။ ကျွန်တော်နားလည်သဘောပေါက်သည့်အတိုင်းဖော်ပြရလျှင် ပေါလုသည် လက်တွေ့လုပ်ဆောင်ရန် တိုက်တွန်းနေခြင်း ဖြစ်သည်။ သူက သူတို့အား ပျင်းရိခြင်း၊ လျစ်လျူရှုခြင်း၊ ရန်ငြိုးထားခြင်း၊ လူတန်းစားခွဲခြားခြင်းတို့ကို ဖော်ထုတ်၍ "ယခုအခါ အိပ်ပျော်ရာမှနိုးရသောအချိန်ရောက်ခဲ့ပြီဟု ငါတို့သည်သိ၍ကာလအချိန်ကိုထောက်လက်"ဟု ဖော်ပြထားသည်။

ဤနေရာတွင်တမန်တော်ရှင်ပေါလုဖော်ပြလိုသောအရာများကိုနားလည်သဘောပေါက်နိုင်ရန် အတွက် အသုံးပြုသောဥပမာကိုနားလည်သဘောပေါက်ရမည်ဟု Dr. A. T. Pierson ကဆိုသည်။ ဤအရာသည် စစ်ရေးအသုံးအနှုန်းဖြစ်သည်ဟု အကြံပြုထားသည်။ ထိုအချိန်တွင် အစောင့်အကြပ်တို့နှင့် ဆက်စပ်မှုရှိသည်။ တမန်တော်သည် နေညသံကြိုးဖြင့်ချည်နှောင်ခြင်းခံရသည်။ ထို့ကြောင့်သူသည် အစောင့်အကြပ်၏ အကျင့်များ၊ ထုံးစံများနှင့်နည်းလမ်းများနှင့် ရင်းနှီးမှု ရှိလာခဲ့သည်။ သူတို့သည်လူထု တာဝန်မကျခဲ့လျှင် ညနေ ၄း၃၀ တွင်အပြင် ထွက်ခွင့်ရရှိကြသည်။ သူတို့သည် အရပ်ဝတ်ဖြင့်အသိုင်း အဝိုင်းသို့သွားခွင့်ရကြသည်။ သူတို့သည် နံနက် ငါးနာရီ သို့မဟုတ် ခြောက်နာရီစားချိန်ရောက်မှသာ လျှင် သတင်းပို့ရမည် ဖြစ်သည်။

သူတို့သည် မြို့ထဲသို့သွားရန် အချိန်အသုံးပြုခဲ့ကြသည်။ သူတို့သည် နံနက်ပြန်လာကြသောအခါ အပူတပြင်း၊ မောပန်းနွမ်းနယ်နေကြသည်။ သူတို့သည် နေ့အချိန်တွင် မိမိတာဝန်ကိုဆက်လက်ထမ်းဆောင်ရမည်ဖြစ်သည်။ ဤအရာကပေါလုစိတ်ထဲတွင်ရှိသောအရာကိုပုံဖော်ထားသည်ဟု Dr.

Pierson ဆို သည်။ သူတို့သည် ပျင်းရိသောကြောင့်မဟုတ်ပေ။ သို့သော် သူတို့သည် သူတို့အချိန်ကို ဖြုံချ၍ဖြုန်း တီးသောကြောင့် ဖြစ်သည်။ သူတို့သည် အရေးမကြီးသော အရာအတွက် အချိန်ဖြုန်း တီး၍ ဘုရားသခင် အတွက် တန်ဖိုးကြီးသောအရာများကို မလုပ်ဆောင်ခဲ့ကြပေ။

ယနေ့လူများစွာတို့သည် ခရစ်တော်၏နာမတော်ကိုခေါ်ကြသော်လည်း ထိုသို့ပင်အသက်ရှင်နေကြသည်ကို အံ့သြစရာဖြစ်သည်။ သူတို့သည် ပျင်းရိကြသောကြောင့်မဟုတ်ဘဲ သတိလွတ်၊ ဒုစရိုက်ပြုနေကြသောကြောင့်ဖြစ်သည်။ သူတို့သည် ယာယီခေတ္တအရာများကိုလိုက်လံရှာဖွေ၍ စိတ်ပူပန်နေ ကြကာ ဤ ဘဝ အတွက်သာ ပျော်ရွှင်ခြင်းကို ရှာဖွေနေကြသည်။ သူသည် ခရစ်ယာန်များ၊ ယုံကြည်သူများ၊ သခင်ယေရှုခရစ်တော်၌ယုံကြည်ခြင်းအားကြီးသူများကို စကားပြောခြင်း ဖြစ်သည်ဟု သင်စဥ်း စားသောအခါ ရင်တုန်ထိတ်လန့်စရာပင် ဖြစ်လေသည်။ သူတို့သည် ရုပအရာ ဘဝ ထက် ဝိညာဥ်ရေးရာ ကို ပို၍ ရှာဖွေ၊ ဦးစားပေးရန် လိုအပ်သည်ဟု သူခံစားကြောင့် သိသာထင်ရှားသည်။

ယနေ့ဖြစ်ပျက်သောအခြေအနေကိုကျွန်ုပ်မြင်တွေ့ရသည့်အတိုင်း ကျွန်ုပ်တို့သည် အရေးမကြီးသောအရာများလိုက်လံ၍အချိန်မပေးသင့်ကြောင့် ကျွန်တော်အကြံပြုပါရစေ။ လောကအရာများနှင့်လောကပျော်ရွှင်ခြင်းများလိုက်လံရှာဖွေရန် အခွင့်အရေးတစ်ရက်မျှမပေးသင့်ပေ။ သို့သော် အသင်းတော်တွင်အမှုတော်ထမ်းဆောင်သော သင်းအုပ်ဆရာများသည် “ငါ အလွန် အလုပ်ရှုပ်တယ်”ဟု မကြာ ခဏပြောတတ်ကြသည်ကိုတွေ့ရသည်။ သို့သော် သင်သည် မိမိကိုယ်ကို “ဘာအတွက် အလုပ်ရှုပ်နေ သလဲ”ဟု မေးသောအခါ ဘုရားသခင်၏အမှုတော်၊ သခင်ယေရှုခရစ်နှင့် စပ်ဆိုင်သော အရာများအတွက် မဟုတ်ပေ။ လောကအရာများအတွက်သာ လိုက်လံရှာဖွေခြင်းအားဖြင့် အသက်တာ အသုံးပြု တတ်ကြသည်။

ကျွန်ုပ်တို့သည် ခေါ်ခြင်း၊ အချိန်ကိုသိခြင်း၊ ခက်ခဲသောအခြေအနေများကိုသတိပြုရန် လိုအပ်သည်။ အချိန်သည်နောက်ကျသည်။ နိုးထရမည့်အချိန်ရောက်နေပါပြီ။ ကျွန်ုပ်တို့သည် အရေးမကြီးသော လောကအရာများကို စွန့်ပစ်၍ သခင်ယေရှုခရစ်တော်အတွက် အသက်ရှင် လှုပ်ရှား မည့်အချိန်၊ လောက ဆားများနှင့်လောက အလင်းကဲ့သို့ အသက်ရှင်၍ ကျွန်ုပ်တို့ ပျက်စီးနေသော လူမှု

အသိုင်းအဝိုင်းကို ပြောင်းလဲပေးကာ ဤလောကတွင် ဘုရားသခင်ထားရှိတော်မူခြင်း၏ အကြံအစည်တော်များကို ပြည့်စုံ စေရမည့်အချိန် ဖြစ်သည်။

ထိုကြောင့် လူများစွာတို့သည် လောဒိကိအသင်းတော်ကဲ့သို့ ရောင့်ရဲမှုနှင့်ပျော်ရွှင်မှုများကိုသာ ရှာဖွေတတ်ကြသည်။ ကျွန်ုပ်တို့သည် မည်သည့်အရာတစ်စုံတစ်ခုကိုမျှမလိုအပ်ပေ။ ကျွန်ုပ်တို့သည်ဖြစ်သည့်အတိုင်း ရောင့်ရဲတင်းတိမ်မှုရှိရမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကြွယ်ဝချမ်းသာကြသည်။ စည်းစိမ်း ဥစ္စာတိုးပွားကြသည်။ ကျွန်ုပ်တို့မှာ မည်သည့်အရာတစ်စုံတစ်ခုမျှမလိုအပ်တော့ပေ။ ကျွန်ုပ်တို့ကို မနှောင့်ယှက်ပါနှင့်။ ကျွန်ုပ်တို့သည် ဤနည်းအတိုင်းပဲနှစ်သက်မြတ်နိုးသည်(ဗျာဒိတ် ၃း၁၇-၁၈)။

ခရစ်ယာန် မိတ်ဆွေအပေါင်းတို့၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နေထိုင်သော အချိန်နာရီကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ဤအချိန်သည် အခွင့်အရေးနေ့ဖြစ်သည်ကိုလည်းနားလည်သဘောပေါက်ရမည်ဖြစ်သည်။ ဤအချိန်နှင့်ဘုရားသခင်သည် ပြည့်စုံတော်မူသည့် အချိန်ဖြစ်သည်နှင့်အညီ ဤအချိန်များအတွက် နိုင်ငံတော်သို့ဝင်ရန် ခေါ်ဖိတ်ခြင်းခံရကြသည်။ ရောမမြို့ငယ်ရွယ်သောအသင်းတော်သည် ရှင်သန်၍ သန့်ရှင်းသောဝိညာဉ်တော် ကိန်းဝပ်တော်မူခြင်းတန်ခိုးတော်အားဖြင့် သန်မာနိုင်လျှင် ဤ ကာလနှင့်မျိုးဆက်၌ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ကျင်လည်ခြင်းနှင့် စီးပွားရေး လောက၌ အချိန်မပေးဘဲ ဘုရားသခင်နှင့်စပ်ဆိုင်သောအရာများကို ပြင်းထိန်စွာ သတိမူခြင်းအားဖြင့် ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းကို တိုးတက်ပြောင်းလဲစေရမည် ဖြစ်သည်။

## မှောင်မိုက်၏ လုပ်ငန်းများပစ်ပယ်ခြင်း

ဒုတိယအချက်မှာ မှောင်မိုက်လုပ်ငန်းများကို ပစ်ပယ်နှင်ထုတ်ခြင်းဖြစ်သည်။ "ညဥ့်အချိန်ကုန်လု၍ နေ့အချိန်ရောက်လုသောကြောင့်၎င်း၊ ယခုအခါ အိပ်ပျော်ရာမှ နိုးရသော အချိန် ရောက်ခဲ့ပြီဟု ငါတို့သည် သိ၍ ကာလအချိန်ကို ထောက်လျက်၊ မှောင်မိုက်၏ အကျင့်ကို ပယ်ရှား၍၊ အလင်း၏ လက်နက်စုံကို ဝတ်ဆင်ဆောင်ရွက်ကြကုန်အံ့။" "အမှောင်၏လုပ်ငန်းများ" ဖော်ပြချက်မှာ သခင်ယေရှု ခရစ်တော်ကို ကယ်တင်ခြင်းကိုမသိဘဲ အသက်ရှင်သူများကို ရည်ညွှန်းဟန်တူသည်။ သူတို့သည် အမှောင်ထု၌ အသက်ရှင်၍ ကယ်တင်ခြင်းအကြောင်းနှင့် ဘုရားသခင်၏ ခေါ်ခြင်း

အကြောင်းကို မသိသော သူများဖြစ်ကြသည်။ အမှောင်ထုနိုင်ငံတော်မှ ကိုယ်တော်၏ ချစ်သော ကောင်းကင် နိုင်ငံတော်သို့ ပြောင်းလဲခြင်းဖြစ်သည်။

ဤ ပုဂ္ဂိုလ်များ၏ အကျင့်ဆိုးများကို စွန့်ပစ်ရန် ပြောကြားခြင်းဖြစ်သည်။ "စွန့်ပစ်ခြင်း" စကားလုံး အဓိပ္ပါယ်မှာ မိမိကိုယ်ကိုချုပ်တည်းခြင်း၊ မကောင်းသော အရာများနှင့်မပူးပေါင်းခြင်း၊ လွင့်ပစ်ခြင်း၊ ပစ် ပယ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ဘဝတွင် စွန့်ပစ်ရမည့်အရာတစ်ချို့ရှိသည်။ ထို့ကြောင့် တမန်တော်သည် အသင်းတော်အား အကြံပြုချက်အချို့တို့ကို မှာကြားထားခြင်း ဖြစ်သည်။

ဟေဗြဲ ၁၂း၁တွင်အဓိကဖော်ပြလိုသောအရာမှာ ဤအချက်ဖြစ်သည်။- *"ထို့ကြောင့်၊ ဤမျှ လောက်များစွာသော သက်သေ အပေါင်းတို့သည် ငါတို့ကို ဝိုင်းရံလျက်ရှိ ကြသည်ဖြစ်၍၊ ငါတို့သည် ခပ်သိမ်းသောဝန်တို့ကိုငှင်း၊နှောင့်ရှက်တတ်သောဒုစရိုက်ကိုငှင်းပယ်ရှား၍၊ ငါတို့မျက်မှောက်၌ထား သော ပန်းတိုးတိုင်သို့ရောက်ခြင်းငှါ၊ အားမလျှော့ဘဲ ပြေးကြကုန်အံ့။"* ပယ်ရှားခြင်းအဓိပ္ပါယ်မှာ မိမိ ကိုယ်ကို ချုပ်တည်းခြင်း၊ ချွတ်ပယ်ခြင်းဖြစ်သည်။ ဤနေရာတွင် အပြေးပြိုင်ပွဲ အကြောင်းကိုပုံဖော် ထားသည်။ သူ၏ တိုးတက်မှုကို ဟန့်တားသော အပေါ် ယံဝတ်ရုံများကိုချွတ်ပယ်ရန် အကြံပြု ထားခြင်း ဖြစ်သည်။

တမန်တော် ပြောကြားချက်မှာ "သင်သည် အပြေးပြိုင်နေတယ်။ ကောင်းကင်အောက်တွင်အ ကြီးဆုံးသော ပြိုင်ပွဲဖြစ်တယ်။ သင်အခုပြေးရမည့်အချိန်ဖြစ်သည်။ အခု သင့်အားမတိုးတက်စေရန် နှောင့်ယှက်သော အရာ ဟူသမျှအားလုံးစွန့်လွှတ်လိုက်ပါ။ လွှတ်ပစ်လိုက်ပါ။ အပြေးပြိုင်ပွဲကိုအနိုင်ယူ ပေးနိုင်သော သင့်တော်သော အဝတ်အစားကိုဝတ်ဆင်၍ အဆုံးတိုင်အောင် အောင်မြင်မှု ဆွတ်ခူး ပါ"ဟု မိန့်တော်မူသည်။

ကျွန်ုပ်တို့သည် ထိုသို့သောခေါ်ခြင်း လိုသလော။ မိမိကိုယ်ကို ငြင်းပယ်ခြင်း၊ မိမိသည်အမှားမပြု နိုင်ဟူသောအတွေးအခေါ်များ၊ သူများထက်ငါသာသည်ဟူသောအရာများကို စွန့်ပစ်ရန်အတွက်ခေါ် ခြင်းဖြစ်သည်။ သူတစ်ပါးအတွက် ဆိုးဟန်မတူနိုင်သော်လည်း ၎င်းတို့သည် ကျွန်ုပ်တို့ဘဝမှာဆိုး လေးစေသော အရာဖြစ်ကြသည်ကို ကျွန်ုပ်တို့သိကြသည်။ ၎င်းတို့က ကျွန်ုပ်တို့ကို နောက်သို့ပြန်ဆွဲ ခေါ်သည်။ ကျွန်ုပ်တို့သည် ထိုအရာများကိုပစ်ပယ်၍ သခင်ယေရှုခရစ်တော်အတွက် အလုပ်လုပ်ရကြ

မည်ဖြစ်သည်။ ကိုယ်တော်သည်ကျွန်ုပ်တို့အား တပည့်တော်ဖြစ်ခြင်းနှင့်ဆက်ကပ်ခြင်းသို့အသက်တာ၊ အသက်တောအပ်နှံရန်အတွက် ခေါ်ဖိတ်တော်မူသည်။

ဘုရားသခင်၏ စစ်သည်များအဖြစ် စွန့်ပစ်စရာအချို့ရှိသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်တော်၏ စစ်သည်ကောင်းများအဖြစ်ခေါ်ခြင်းခံရကြသည်။ ကျွန်ုပ်တို့သည် သခင် ယေရှုခရစ်တော်၏ စစ်သည် ကောင်းများအဖြစ် ခက်ခဲမှုကို သည်းခံရမည်ဖြစ်သည်(၂တိ ၂း၃)။ စစ်သည်တစ်ဦး၏ ရည်ရွယ် ချက်မှာ စစ်တိုက်ရန်နှင့် စစ်ပွဲအတွက်ပြင်ဆင်ရန် ဖြစ်သည်။ ကားတိုင်တော်၏ စစ်သည် တော်များအဖြစ် ကျွန်ုပ်တို့သည် မိမိခေါ်ခြင်းကို အလေးအနက်ထား၍ ဘုရားသခင်သည် မိမိ ဘုန်းတော် အတွက်အ သုံးပြုလိုသောနေရာတွင် အသုံးတော်ခံရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် နောက်သို့ပြန်ကျရန်ဆွဲခေါ် သောအမရာများအားလုံးကို အရေးမထားဘဲ ထိုသို့သော ပြဿနာ အသေး အမွှားများကို စွန့်ပစ်ရမည် ဖြစ်သည်။ သခင်ယေရှုခရစ်တော်၌ ထိုအရာများကိုပစ်ပယ်၍ လွတ်လပ်မှုကို သိရမည် ဖြစ်သည်။

ကောလောသဲ ၃း၅ တွင် ဤ စိတ်ထားကို ကျွန်ုပ်တို့ တွေ့ရကြသည်။ ဇာတိအသွေးအသားလုပ်ဆောင်ချက်များစွန့်လွှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို ဖော်ပြသည်။ ကျွန်ုပ်တို့သည် ဤတာဝန်ကိုလုပ်ဆောင်ရန် တာဝန်ရှိကြသည်။ ကျွန်ုပ်တို့မှ ပစ်ပယ်ရမည့်အရာများနှင့် လက်ကိုင်ဖမ်းဆုပ်ရမည့်အရာရှိသည်။ အဆိုးများကိုပယ်ဖျက်၍ အကောင်းများကိုယူတင်ဝတ်ဆောင်ရမည်ဖြစ်သည်။

## ဘုရားသခင်၏ လက်နက်ကိုယူတင်ဝတ်ဆောင်ခြင်း

" မှောင်မိုက်၏ အကျင့်ကိုပယ်ရှား၍အလင်း၏ လက်နက်စုံကို ဝတ်ဆင်ဆောင်ရွက်ကြကုန်အံ့။" ခရစ်ယာန်များ၏လက်နက်မှာ အဘယ်အရာဖြစ်သနည်း။ ဖေက် ၆ တွင် ဖော်ပြထားသည်။ သစ္စာ တည်းဟူသောခါးပန်းကိုစည်းခြင်း၊ ဖြောင့်မတ်ခြင်းပါရမီ တည်းဟူသော ရင်အုပ်တန်ဆာကို ဝတ်ဆင် ခြင်း၊ ငြိမ်သက်ခြင်းနှင့်ယှက်သော ဧဝံဂေလိတရားကို ဟောပြော အံ့သောငှါ ပြင်ဆင်သော အဖြစ်တည်း ဟူသောခြေစွပ်ခြင်း၊ ဝိညာဉ်တော်ထားကိုကိုင်တွယ်ခြင်း၊ ကယ်တင်ခြင်း သံခမောက်ကို ဆောင်းခြင်းတို့ ကို ကျွန်ုပ်တို့ပြုရမည် ဖြစ်သည်။

ဤ စာရင်းတွင် ညဝတ်အင်္ကျီ သို့မဟုတ် ညအဝတ်အစားများ သို့မဟုတ် ညဝတ်ဘောင်းဘီ သို့မဟုတ် ဆွယ်တာ သို့မဟုတ် လှပသော အဝတ်အစားများ ဖော်ပြချက်မရှိသည်ကို ကျွန်ုပ်တို့မှတ်ထားရမည်ဖြစ်သည်။ စစ်သည်တစ်ဦးအဖြစ် ဘုရားသခင်၏ လက်နက်ဝတ်စုံကိုဝတ်ဆင်ရမည်ဟုဖော်ပြထားသည်။ ယခုကမ္ဘာဖြစ်ပျက်သော အချိန်ဖြစ်သည်ကို အသိအမှတ်ပြုရမည်။ ကိုယ်တော်ဖော်ပြထားသော လက်နက်များကိုအသုံးပြုလျက် ယုံကြည်ခြင်းအတွက် ကောင်းသောစစ်ပွဲကို ဆင်နွှဲရမည်ဖြစ်သည်။ ဒူးထောက်ဆုတောင်းရမည်။ ဘုရားသခင်၏ မျက်နှာတော်ကို ရှာဖွေရမည်။ ကိုယ်တော်ကို စောင့်မြော်ရမည်။ နှုတ်ကပတ်တော်ကိုသိရမည်။ ကျွန်ုပ်တို့ အသက်ရှင်သော မွန်းကြပ်သည့် အချိန်များတွင် အခက်အခဲများကို ရင်ဆိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝသောသူ များဖြစ် ရမည်။

ကျွန်ုပ်တို့ အသင်းတော်များတွင် စိန်ခေါ်ရမည့်အရာများစွာရှိသည်။ ဘုရားသခင်၏စစ်သည်ဖြစ်ခြင်း၌ အခက်အခဲများ စွာရှိသည်။ ဘုရားသခင်ပြင်ဆင်ပေးတော်မူသော လက်နက်များကို အသုံးပြု၍ ဘုရား သခင်၏ ခွန်အားအစွမ်းအစအားဖြင့် ရန်သူကို တိုက်လှန်၍ စစ်ပွဲဆင်နွှဲရန် ရှေ့သို့တိုးဝင်တိုက်ခိုက်ရမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် တိုက်ခိုက်ရမည့်အရာ သုံးမျိုးရှိသည်။ ၎င်းတို့မှာ လောက၊ ဇာတိအသွေးအသားနှင့် မာရ်နတ်တို့ဖြစ်ကြသည်။ ပေါလုသည် ကောင်းသောတိုက်ခိုက်မှုကို တိုက်ခိုက်ခဲ့ပြီး ဖြစ်သည်။ သူသည် ယုံကြည်မှုကို စောင့်ထိန်းခဲ့သည်။ စစ်ပွဲ၌ ကျွန်ုပ်တို့ အသုံးပြုသော လက်နက်များ သည် ရိုးရိုးသာမန်မဟုတ်ကြောင်း ကျွန်ုပ်တို့မှတ်ထားရမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် စိတ်တိုဒေါသ ထွက်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ အပြစ်ရှာခြင်း၊ ဝေဖန်ခြင်း၊ နိုင်ငံရေး၊ နောက်ပြန်ဆုတ်ခြင်းများအ သုံး မပြုသင့်ပေ။ ထိုအရာများကို ဖယ်ထုတ်ပေးရမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် အလင်းသားများအဖြစ် လျှောက်လှမ်း အသက်ရှင်ရမည် ဖြစ်သည်။ ၂ကော ၁၀း၄ တွင် "ငါတို့စစ်တိုက်၍ သုံးစွဲသော လက်နက် သည် ဇာတိပကတိလက်နက်မဟုတ်။ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် မြို့ရိုးမြို့ပြတို့ကို ဖြိုဖျက် နိုင်သော လက်နက်ဖြစ်၏" ဟု ဖော်ပြထားသည်။

## စိတ်နှလုံးဖြူစင်စွာလျှောက်လှမ်းခြင်း

ကျွန်ုပ်တို့သည် စိတ်နှလုံးဖြူစင်စွာ အသက်ရှင်လျှောက်လှမ်း ရမည် ဖြစ်သည်။ "ပွဲလုပ်ခြင်း၊ ယစ် မျိုးသောက်ကြူးခြင်း၊ မတရားသော မေထုန်၌မှီဝဲခြင်း၊ ကိလေသာညစ်ညူးခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင် ခြင်းအမှုတို့ကိုကြဉ်ရှောင်၍၊ နေ့အချိန်၌ကဲ့သို့တင့်တယ်လျောက်ပတ်စွာ ကျင့်ဆောင် ပြုမူ ကြကုန်အံ့။" ခရစ်ယာန် အသက်တာနှင့်နေ့စဥ်အသက်တာတွင် တင့်တယ်လျောက်ပတ်စွာ အသက် ရှင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် စစ်သည်အဖြစ်အသက်ရှင်ရမည်။ တင့်တယ်စွာ အသက်ရှင် ရမည်။ လိုက်လျော ညီထွေစွာအသက်ရှင်ရမည်။ အပြောနှင့်အလုပ်ညီညွတ်စေရမည် ဖြစ်သည်။ သင်သည် အပြောနှင့်အ လုပ်ကို လိုလျောညီထွေမှုရှိရမည်ဖြစ်သည်။ ဖေက်သြဝါဒတွင် ဖော်ပြထား သောလျှောက်လှမ်းခြင်း ခြေလှမ်းငါးလှမ်းနှင့်အညီအသက်ရှင်ရမည်။ ကျွန်ုပ်တို့ခေါ်ခြင်းနှင့် အညီ ထိုက်ထိုက်တန်တန်အသက် ရှင်ရမည် ဖြစ်သည်(၄း၁)။ တပါးအမျိုးသား များကဲ့သို့ အသက် မရှင် သင့်ပေ(၄း၁၇)။ ချစ်ခြင်းမေတ္တာ ဖြင့်အသက်ရှင်ရမည် (၅း၂)။ အလင်း၏ သားကဲ့သို့ အသက် ရှင်ရမည်(၅း၈)။ ပတ်ဝန်းကျင်အခြေအနေ အရအသက်ရှင်ရမည်(၄း၁၇)။ အလုပ်လုပ် သောအခါ သတိထားရမည် ဖြစ်သည်။

## ခရစ်တော်ကို ယူတင် ဝတ်ဆောင်ခြင်း

နောက်ဆုံးအနေဖြင့် ခရစ်တော်ကိုယူတင်ဝတ်ဆောင်ရမည် ဖြစ်သည်။ "သခင်ယေရှုခရစ်ကို ယူတင်ဝတ်ဆောင်ကြလော့။ ကိုယ်ကာယ၏တပ်မက်ခြင်းအလိုငှါ မကြံစည်ကြနှင့်။" ကျွန်ုပ်တို့ပယ် ချွတ်ရမည့်အရာတစ်ချို့ရှိသကဲ့သို့ ယူတင်ဝတ်ဆောင်ရမည့်အရာအချို့လည်းရှိသည်။ သခင်ယေရှုခ ရစ်တော်ကို ယူတင်ဝတ်ဆောင်ရမည်ဖြစ်သည်။ ကိုယ်တော်၌ခိုလှုံပါ။ သခင်ယေရှုခရစ်တော်၌မိမိ ကိုယ်ကို ခိုလှုံပါ။ ခရစ်တော်၌အသက်ရှင်ရမည်ဖြစ်သည်။ ပေးဆပ်သောအသက်တာကိုသိရမည်ဖြစ် သည်။ သခင်ယေရှုခရစ်တော်နှင့် ကိုယ်တော်၏ ဝိညာဥ်အပေါ် အရှုံးပေးသော အသက်တာကို သိရမည်ဖြစ်သည်။ သို့ပြုလျှင် ကိုယ်တော်သည် မိမိကျေးဇူးတော် ချီးမွမ်းထင်ရှားစေသော အသက် တာများအားဖြင့် ကိုယ်တော်သည် အသက်ရှင်စေတော်မူလိမ့်မည်။

ဤကာလတွင် ပေးဆပ်သောဘဝဖြင့်အသက်ရှင်ခြင်း၊ ခရစ်တော်နှင့်အတူအသေခံခြင်းကို ကျွန်ုပ်တို့ များစွာမတွေ့ရပေ။ ငါအသက်ရှင်ခြင်းသည် ငါမဟုတ်၊ ခရစ်တော်သည် ငါ့အထဲ၌ အသက်ရှင် တော်မူသည် (ဂလာတိ ၂း၂၀)။ လူတစ်ဦးသေသောအခါ ပတ်ဝန်းကျင်ကို လှည့်၍ မကြည့်ပေ။ သူ၏ မျက်နှာသည် ရည်ညွှန်းချက်တစ်ခုကိုသာကြည့်နေသည်။ သူသည် ထိုလမ်းကိုသာ မျက်နှာပြုသည်။ သူသည် ဘုရားသခင်၏ ခေါ်ခြင်းကိုခံရသဖြင့် ကိုယ်တော့ အတွက်သာ အသက်ရှင် ကာ လုပ်ဆောင်နေ သည်။ အသေခံသောသူ မည်သည်ကား နောက်ပြန်လှည့်ခြင်းမရှိပေ။ သူတို့ အခြေချနေထိုင်ခဲ့သည်။ သူ သည် မိမိကိုယ်ကျိုးအတွက်သာ မကြံစည်ပေ။ သူလုပ်ရမည့်အရာ အတွက် မိမိကိုယ်တိုင် ဆုံးဖြတ်ချက် မပြုတော့ပေ။ ကိုယ်တော်သည် သူ၏စိတ်ကိုပြုပြင်တော်မူ၍ ထိုအခွင့် အာဏာကို သူသည်နားထောင်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုသေစေရမည်ဖြစ်သည်။ အသေခံ ရမည်။ ခရစ်တော်၌ အသက်ရှင် ကာ ရှင်ပြန်ထမြောက်သောအသက်တာရှိရမည် ဖြစ်သည်။

အချိန်ကာလသည် မွန်းကြပ်သောည အချိန်ခါ သမယဖြစ်သည်။ ဖိနှိပ်ချုပ်ခြယ်မှုခံရသည့်အချိန် ဖြစ်သည်။ ကျွန်ုပ်တို့ယုံကြည်သည်ထက် ကယ်တင်ခြင်းသည် ပို၍နီးကပ်လာသည်။ ပေါလုဖော်ပြ ထားသည့်အတိုင်း သခင်ယေရှုခရစ်တော်ပြန်လည်ကြွလာတော်မူသည့် အချိန် နီးကပ်နေပြီဟု အချို့က ထင်ကြသည်။ အခြားသူများကမူ တမန်တော်သည် အခြေအနေကိုကြည့်၍ မှန်တိုင်း များ ကျရောက် သည့်အချိန်ကို မြင်တွေ့သည်ဟု ခံစားကြသည်။ ခရစ်တော်၏ နာမတော်ဖြင့် သမုတ်သော သူများ၏ ညှဥ်းပန်းနှိပ်စက်မှုကိုနားလည်ကြသည်။ ခရစ်တော်များသည် ခြင်္သေ့တွင်းသို့ ပစ်ချရမည့် အချိန်နှင့် ပြောင်းပြန်အသတ်ခံရမည့်အချိန်နှင့် ပြည့်စုံသော ကယ်တင်ခြင်းသို့ ဝင်စားမည့် အချိန် မတိုင်မီ ဤအရာ များပြည့်စုံလိမ့်မည်ဟု ထင်ကြသည်။

မိတ်ဆွေတို့၊ ဖြစ်ပျက်မည့်အရာကို မည်သူသိသနည်း။ ကျွန်ုပ်တို့ လူမှုအဖွဲ့အစည်းကိုကြည့် လျှင် ဖြစ်ပျက်သော အရာများကို မြင်တွေ့သည်။ အချိန်ကာလသည် ခက်ခဲမွန်းကြပ်သောအချိန်ကာ လဖြစ်သည်။ ခရစ်ယာန်များသည် ခေါ်ခြင်းကို သတိမူရမည့်အချိန်ခံသမာယဖြစ်သည်။ အိပ်ယာမှနိုး ထရမည့် အချိန်ဖြစ်သည်။ မှောင်မိုက်အလုပ်များကို စွန့်ပစ်ရမည်။ ဘုရားသခင်၏လက်နက်များကို

ယူ တင်ဝတ်ဆောင်ရမည်။ ရိုးသားဖြူစင်စါအသက်ရှင်ရမည်။ ခရစ်တော်ကို ယူတင်ဝတ်ဆောင် ရမည်။ နားစွင့်ရန် ဘုရားသခင်မစတော်မူသည်။

# "သင်ဆင်းရဲဒုက္ခခံပြီးနောက်..."

## (After You Have Suffered)

***By Rich Carmicheal***

"ဘုရားသခင်သည် မဖြစ်နိုင်သောအရာကိုလုပ်ဆောင်လိုတော်မူသောအခါ မဖြစ်နိုင်သော ပုဂ္ဂိုလ်များကိုခေါ်၍ ထုချေတော်မူသည်။"

ထိုဖော်ပြချက်သည် သင့်ကို မည်သို့ရိုက်နက်သနည်း။ အလွန်ပြင်းထန် နေပုံရသလော။ ကိုယ် တော်သည် တစ်စုံတစ်ဦးကို "ထုချေ"တော်မူသည်ဟု ဖော်ပြချက်သည် ကိုယ်တော်၏စရိုက်ကို ဆန့် ကျင်ပုံတူသလော။"

လွန်ခဲ့သောနှစ်များက ဤဖော်ပြချက်ကိုဟောပြောသောတရားဟော ဆရာကြီးတစ်ပါးထံမှ ကျွန်တော် စတင်ကြားသောအခါ ၎င်းသည် ကျမ်းစာဖော်ပြချက်နှင့်ညီညွတ်ခြင်းရှိ/မရှိ ကျွန်တော် ရှာဖွေသိရှိရန် ကြိမ်ဖန်များစွာ စဉ်းစားတွေးတောခဲ့သည်။ ဘုရားသခင်သည် ကျွန်တော့် ကိုချိုးဖွဲ့ တော်မူသည် ဟုတွေးတောအချိန်၊မာန်မာနထောင်လွှားခြင်းကြောင့် စိတ်ဖိဆီးမှုခံစား၍ အခြား အပြစ် ကျူးလွန်သော အချိန်များကို ကျွန်တော့်ဘဝတွင်ပေါ်ပေါက်၍ ထိုအရာများအားဖြင့် ကျွန်တော်သည် ကိုယ်တော့်အ ပေါ်သို့ မှီခိုအားထားနိုင်ရန် မိမိကိုယ်ကိုဆက်ကပ်ခြင်းဖြစ်စေကြောင့် ကျွန်တော် ဝန်ခံရမည်ဖြစ်သည်။ တရားဟော ဆရာသည် ထိုစကားလုံးများကို ဟောပြောသည့် အချိန်တွင် ကျွန်တော်သည် ဤသို့ခက်ခဲ ကြမ်းတမ်းသော ဘဝ၌ လူးလိမ့်ခံရသောအချိန်ဖြစ်သည်။ သူဟော ကြားချက်သည် ခွန်အားများစွာနှင့် မြော်လင့်ချက်များစွာချပေးခဲ့သည်။ ဟုတ်ပါသည်။ "ထုချေမှု" ခံရသော အချိန်သည် အလွန်ခက်ခဲပါ သည်။ သို့သော် ဘုရားသခင်သည် "မဖြစ်နိုင်သော

အရာကို ဖြစ်စေတော် မူ၍” မိမိဘုန်းတော်နှင့်စပ် ဆိုင်သောအကြံအစည်တော်များအတွက် အမှုပြုတော် မူခြင်းကို စဥ်းစား သောအခါ အလွန်အံ့သြစရာ ပင်ဖြစ်လေသည်။

သင်သည် ယခုချိန်၌ ပင်လျှင် အလွန်ခက်ခဲသောအခြေအနေကြားတွင်နေနိုင်ပါလိမ့်မည်။ အနာဂတ်အတွက် ကိုယ်တော်ကြံစည်တော်မူသော ဘဝနှင့် သာသနာလုပ်ငန်းကို ပြင်ဆင်ရန် ဤအချိန်ကို ဘုရားသခင် စီရင်တော်မူသည်ဟု သင်စဥ်းစားခဲ့ဘူးပါသလား။ ကိုယ်တော်သည် သင်၏ စိတ်နေသဘောထားကို တိုးတက်စေတော်မူသလော။ သင်၏ ယုံကြည်ခြင်းကို တိုးတက် စေတော်မူသလော။ သင်၏ စိတ်ရှည်သည်းခံမှုကိုတိုးတက်စေတော်မူသလော။ သင်၏ အစွမ်းအစကို တိုးတက်စေတော်မူ သလော။ ဘဝအတွက် သင်၏ အလေးအမြတ်ထားသောအရာများကို တိုးတက် စေတော်မူသလော။ ကိုယ်တော် နှင့်သင်၏ဆက်နွယ်မှုကို တိုးတက် စေတော်မူသလော။ ဘုရား သခင်၏ အကြံအစည်တော်များသည် ပို ၍ ကြီးမားသည့်အတိုင်း ခက်ခဲကြမ်းတမ်းသော ဘဝများနှင့် ဆင်းရဲ ဒုက္ခများ အချိန်ကိုဖော်ပြချက်ကို သမ္မာကျမ်းစာအားဖြင့် အောက်တွင်ဖော်ပြထားသည့်အတိုင်း စံနမူနာများကို ကြည့်၍ သင်သည်လည်း ခွန်အားယူနိုင်ပါလိမ့်မည်။

**ယောသပ်...**ယောသပ်သည် မိမိမနာလိုသဝန်တိုသောညီအစ်ကိုများက သေရန်ကြံစည်ခဲ့ကြ၍ သူ့ကို ကျွန်အဖြစ်ရောင်းချခဲ့ကြသည်။ သူသည် ပေါတိဖါ၏ အိမ်တွင် သစ္စာရှိစွာဖြင့်အမှုထမ်းစဥ် သူ့ကို မဟုတ်မမှန်မတရားစွပ်စွဲ၍ ထောင်ချခဲ့ကြသည်။ သို့သော် ကိုယ်တော်သည် ဤအရာအားလုံးကို ယောသပ်အား အဲဂုတ္တုပြည်၌ ဝန်ကြီးဖြစ်လာရန် အမှုပြုတော်မူခြင်းဖြစ်သည်။ ယောသပ်သည်သူခံ စားရသောဆင်းရဲဒုက္ခများအားဖြင့် ကိုယ်တော်ပြုတော်မူသော အမှုတော်ကို အသိအမှတ်ပြုတော်မူ၍ မိမိညီအစ်ကိုများထံ ပြန်လည်ဝေမျှခဲ့သည်။ *“ယောသပ်ကလည်း၊ မစိုးရိမ်ကြနှင့်။ ကျွန်ုပ်သည် ဘုရား သခင် ကိုယ်စားဖြစ်သလော။ သင်တို့သည် ကျွန်ုပ်ကို ညှဥ်းဆဲမည် ကြံကြသော်လည်း၊ ဘုရား သခင်သည် ယနေ့ဖြစ်သည်အတိုင်း၊ လူများ အသက်ချမ်းသာ စေခြင်းငှါ ကျေးဇူးပြုမည် ကြံတော်မူ၏”* (ကမ္ဘာ ၅၀း ၁၉-၂၀)။

**မောရှေ...** မောရှေသည် ဖာရောဘုရင်၏သမီးတော်၏သားအဖြစ်မွေးစားခြင်းခံရသဖြင့် သူသည် မိသားစုမှဝေးကွာခဲ့ရသည်။နောက်ပိုင်းတွင် သူသည် မိမိဆွေမျိုးဟေဗြဲတစ်ဦး၏ စွပ်စွဲချက်ကို

ခံရသော ဖာရောဘုရင်သည် သူ့ကိုသတ်ရန်ရှာဖွေသောအခါ သူသည် အဲဂုတ္တုပြည်သို့ ထွက်ပြေး တိမ်းရှောင်သွား ခဲ့ရသည်။ ဟေဗြဲသြဝါဒစာရေးသားသူက မောရှေ အကြောင်းကို ဤသို့ ဖော်ပြထား သည်။ *"မောရှေ သည် အသက်အရွယ် ကြီးသောအခါ အပြစ်ရှိသော ကာမဂုဏ်ကို ခဏခံစားခြင်း ထက်၊ ဘုရားသခင်၏ လူတို့နှင့် အတူ ညှဉ်းဆဲခံရခြင်းကိုသာ၍ အလိုရှိသဖြင့်၎င်း၊အဲဂုတ္တုပြည်၏ စည်းစိမ်ထက် ခရစ်တော်ကြောင့် ကဲ့ရဲ့ခြင်း ဒုက္ခသည်သာ၍ မြတ်သော စည်းစိမ်ဖြစ်သည်ကို စိတ်ထင်သဖြင့်၎င်း၊ ယုံကြည်ခြင်း စိတ်ရှိ၍ ဖါရောဘုရင်သမီး၏ သားဟူ၍ ခေါ်ဝေါ်ခြင်း အခွင့်ကို ပယ်၏။ အကြောင်းမူကား၊ နောက်ရ လတ္တံ့ သောအကျိုးကိုထောက် စာမြော်လင့်လျက်နေ၏။ ယုံကြည်ခြင်းအားဖြင့် ရှင်ဘုရင် အမျက်ကို မကြောက် ဘဲ၊ အဲဂုတ္တုပြည်ကို စွန့်သွား၏။ အကြောင်းမူ ကား၊ မျက်မြင်မရသော ဘုရား သခင်ကို မြင်ရဘိသကဲ့သို့ တည်ကြည်ခြင်း ရှိ၏"* (ဟေဗြဲ ၁၁း၂၄-၂၇)။ မောရှေကြုံတွေ့သော အခက်အခဲများ အားလုံးသည် သူ့ကို ဘုရားသခင်၏ လူများအား အဲဂုတ္တု ပြည်မှ ထုတ်ဆောင် သောသူဖြစ်လာရန် ပြင်ဆင်ပေးခဲ့သည်။ ဤအ ခက်အခဲ များသည် မောရှေအား နှိမ့်ချခြင်းရှိရန် ကူညီပေးခြင်း၌ အရေးကြီးသော ကဏ္ဍတွင် ပါဝင်လျက်ရှိနိုင်သည်။ "မောရှေသည် မြေကြီးပေါ်မှာရှိ နေသော သူ အပေါင်း တို့ထက် သာ၍ နူးညံ့ သိမ်မွေ့သော သဘော ရှိ၏" (ထွက် ၁၂း၃)။

**နောမိ…**နောမိသည် သူ၏ခင်ပွန်းနှင့်သားနှစ်ယောက်ကို ဆုံးရှုံးခဲ့သည်။ သူသည် မိမိဆွေးမျိုးများ ထံပြောခဲ့သော စကားကိုကြည့်သော်သူသည် အလွန်နာကြည်းခြင်းခံစားရကြောင်းတွေ့ရသည်။ "သူ ကလည်းနောမိဟူ၍ မခေါ်ပါနှင့်။ မာရဟူ၍ခေါ်ပါ။ အနန္တတန်ခိုးရှင်သည် ငါ့အားအလွန် ခါးသောအရာ ကိုပေးတော်မူပြီ။ ငါသည်ကြွယ်ဝပြည့်စုံလျက်ထွက်သွား၏။ ယခုမူကားဆင်းရဲလျက် တကိုယ်တည်း ရှိ မှ၊ ထာဝရ ဘုရားသည် ငါ့ကိုပို့ပြန်တော်မူပြီ။ ထာဝရဘုရားသည်ငါ့ကိုနှိမ့်ချ၍ အနန္တ တန်ခိုးရှင်သည် ငါ့ကို ဆင်းရဲစေတော်မူသည် ဖြစ်၍၊ နောမိအမည်ဖြင့်အဘယ်ကြောင့် ငါ့ကိုခေါ်ကြသနည်းဟု ပြန်ပြော၏" (ရုသ ၁း၂၀-၂၁)။

သို့သော် ဘုရားသခင်သည် နောမိအား မြေးတစ်ဦးဖြစ်သူ သြဗက်အားဖြင့်ကောင်းကြီးချပေး တော်မူခဲ့သည်။ သူသည် ဒါဝိဒ်၏ အဘိုးဖြစ်လာခဲ့သည်။ သြဗက်မွေးဖွားသည့် အချိန်တွင် အမျိုးသမီး

များသည် နောမိနှင့်အတူ ဝမ်းမြောက်ခဲ့ကြသည်။ "မိန်းမတို့သည်လည်း နောမိအား၊ သင့်ကိုပြုစုသော အမျိုးသားချင်းကို ယနေ့ ဖြတ်တော်မမူသော ထာဝရ ဘုရားသည် မင်္ဂလာရှိတော်မူပါစေသော။ ယခုရသော အမျိုးသား ချင်းသည်လည်း ဣသရေလအမျိုး၌ အသရေကျော်စောပါစေသော။ သူသည်သင်၏ အသက်ကိုပြုပြင်သောသူ၊ သင်အသက်ကြီးသောအခါ သင့်ကိုကောင်းမွန်စွာ ပြုစုသောသူဖြစ်ပါစေသော။ သင့်ကို ချစ်၍ သားခုနစ်ယောက်ထက်သင့်အဘို့ သာ၍ကောင်းသောသင်၏ ချွေးမသည်သား ယောက်ျားကိုဘွားမြင်ပြီဟုပြောဆိုကြ၏" (ရုသ ၄း၁၄-၁၅)။

**ယောဘ...** ယောဘသည် အသက်ရှင်နေစဥ်ကာလတွင် ဖြောင့်မတ်သူဖြစ်သည်။ သူသည် "ထိုသူသည် စုံလင်ဖြောင့်မတ်ခြင်းရှိ၏။ ဘုရားသခင်ကို ကြောက်ရွံ့သောသူ၊ မကောင်းသော အကျင့်ကို ရှောင်သောသူဖြစ်၏" (ယောဘ ၁း၁)။ သူသည် အလွန်အမင်းဆင်းရဲဒုက္ခခံရသည်။ သူသည် အိမ်မွေး တိရိစ္ဆာန်များ၊ အစေခံကျွန်များ၊ သားသမီးများ၊ နေအိမ်နှင့် ပိုင်ဆိုင်မှုအားလုံး ဆုံးရှုံး ခဲ့ရသည်။ အနာကြီးရောဂါ အလွန်အမင်းခံစားခဲ့ရသည်။ ယောဘသည် ဖြောင့်မတ်သောသူ တစ်ဦး ဖြစ်ခဲ့ရသော်လည်း ဘု ရားသခင်သည် ယောဘအား ဘုရားသခင်ကိုပို၍ ရိုသေလေးမြတ် ရန်နှင့် ပို၍ နှိမ့်ချခြင်းရှိ ရန်အတွက် ဤအမှုအားလုံးကို ပြုတော်မူခဲ့သည်။ ယောဘသည် မိမိ ဆင်းရဲခြင်း ဒုက္ခ ကုန်ဆုံးခြင်း အချိန်နီးကပ်လာ သောအခါ သူဝန်ခံပြောဆိုခဲ့သော အရာကို နားထောင်ပါ။ "ပညာ မရှိဘဲ အကြံအစည်တော်ကိုမိုက် စေသော သူကားအဘယ်သူနည်း။ သို့ရာတွင် အကျွန်ုပ်သည် နားမလည် သောအရာတို့ကိုငင်း၊ ကိုယ် တိုင်မသိ၊ အံ့ဩ၍ မကုန်နိုင်သော အရာ တို့ကိုငင်း ပြော မိပါပြီ။ နားထောင်တော်မူပါ။ အကျွန်ုပ်လျှောက်ပါမည်။ အကျွန်ုပ် မေးလျှောက် သော အရာတို့ကို သွန်သင် တော်မူပါ။ သိတင်းတော်ကို အကျွန်ုပ်သည်နားနှင့် ကြားဘူးပါပြီ။ ယခုမူကား၊ ကိုယ်တော်ကို မျက်စိနှင့်မြင်ရပါ၏။ ထိုကြောင့် အကျွန်ုပ်သည် ကိုယ်ကိုရွံ့ရှာပါ၏။ မြေမှုန့်နှင့် မီးဖိုပြာ၌ ထိုင်၍ နောင်တရပါ၏ ဟု လျှောက်လေ၏" (ယောဘ ၄၂း၃-၆)။ ဘုရားသခင်သည် ယောဘအား နောက်ပိုင်း ဘဝတွင် ပို၍ ကြွယ်ဝ ချမ်းသာ စေတော်မူ၍ ကောင်းကြီး မင်္ဂလာ အလွန် အမင်းချ ပေးတော်မူ ခဲ့သည်။

**ဒါဝိဒ်...** ဒါဝိဒ်၏ အသက်တာတွင် ဗေသာရှေဘနှင့်အပြစ်ကျူးလွန်ခြင်းသည် အလွန်ထိတ်လန့် ဖွယ်ကောင်းသော အခက်ခဲ ဆုံးဘဝဖြစ်လေသည်။ သူ၏ဆုတောင်းခြင်းတွင် သူသည် ထုချေခြင်းကိုအလွန်ခံစားရသည်ကိုတွေ့ရသည်။ "အကျွန်ုပ်လွန် ကျူးပါပြီဟု ဝန်ချလျက် ကိုယ် အပြစ်ကို အစဉ် မပြတ် အောက်မေ့လျက် နေပါ၏။...စိတ်သက်သာဝမ်းမြောက်ခြင်းရှိမည်အကြောင်း စကားကို အကျွန်ုပ်အား ကြားစေတော်မူပါ။ သို့ပြုလျှင်၊ ချိုးဖဲ့တော်မူသော အရိုးတို့သည် ရွှင်မြူးခြင်းရှိကြပါ လိမ့်မည်။ အကျွန်ုပ် လွန်ကျူးခြင်း ဒုစရိုက်တို့မှ မျက်နှာ တော်လွှဲ၍၊ အကျွန်ုပ် အပြစ်ရှိ သမျှတို့ ကိုလည်း ဖြေတော်မူပါ။... အကျွန်ုပ်ကို အထံတော် ထဲက နှင်ထုတ်တော် မမူပါနှင့်။ သန့်ရှင်း သော ဝိညာဉ်တော်ကို ရုပ်သိမ်းတော်မမူပါနှင့်။ ကယ်တင်တော်မူခြင်းနှင့် ယှဉ်သော ဝမ်းမြောက်ခြင်း အခွင့်ကိုပြန်၍ ပေးသနားတော်မူပါ။ ကြည်ညိုသော စေတနာစိတ်သဘောသည် အကျွန်ုပ်ကို ထောက်မ ပါစေသော" (ဆာလံ ၅၁း၃၊ ၈-၉၊ ၁၁-၁၂)။ ဒါဝိဒ်အတွက် ကြီးမားသော စိတ်ပျက် ဝမ်းနည်းမှုခံစားသည့် အချိန်ဖြစ်သည်။ သင်သည်ကြီးလေးသောအပြစ် ကျူးလွန်ခဲ့ကြောင်း ခံစား နိုင်သည်။ သို့သော် ဘုရားသခင်သည် သင့်အား ခွင့်လွှတ် ခြင်းနှင့်ဝမ်းမြောက် ပျော်ရွှင်ခြင်း ပေးအပ် တော်မူခြင်းသည် အလွန်အံ့သြစရာပင် ဖြစ်လေသည်။ ဘုရား သခင်သည် သူ့အားကြီး လေးသော အပြစ်ကို ဖုံးအုပ်ပေးတော်မူ၍ ကြီးမားသောအခက်အခဲများမှကြိမ် ဖန်များစွာ ကယ်နှုတ်တော်မူခဲ့ သည်။ ဒါဝိဒ်ကနောက်ပိုင်းတွင်ဤသို့သက်သေခံခဲ့သည်။ "အထက် အရပ် ကလက်တော်ကို ဆန့်၍၊ တခဲနက်သော ရေထဲက ငါ့ကို ဆယ်ယူတော်မူ၏။ ငါ့ကိုမုန်းသော သူတည်း ဟူသော ငါပြိုင်၍ မနိုင်နိုင် အောင်ခွန်အားကြီးသောရန် သူတို့လက်မှငါ့ကိုကယ်လွှတ်တော်မူ၏။ ဘေး ဥပဒ် ရောက်သော ကာလ ၌ သူတို့သည် ဆီးထားသော်လည်း၊ ထာဝရဘုရားသည် ငါမှီခိုရာဖြစ်တော်မူသည် ” (၂ရာ ၂၂း၁၇-၂၀)။

**ပေတရု...** စာတန်သည် သူ့အားနှောင့်ယှက်၍ သူသည် သခင်ယေရှုအား သုံးကြိမ်တိုင်တိုင်ငြင်း ဆိုခဲ့သောအခါ သူသည် ဝမ်းနည်းပက်လက်ခံစားခဲ့ရသည်။ သူသည် ကိုယ်တော်အား သုံးကြိမ် တိုင်တိုင် ငြင်းပယ်သောအခါ ကိုယ်တော်သည် သူ့ကိုကြည့်ရှု တော်မူခဲ့သည်။ ထိုအချိန်တွင် သူသည် ခါးသီးစွာ ငိုယိုခဲ့ရသည် (လုကာ ၂၂း၆၁-၆၂)။  သို့သော် စုံစမ်းခြင်းမလာမီ သခင်ယေရှုက သူ့ထံ ကြိုတင် ဖွင့်ပြတော် မူခဲ့ပြီးဖြစ်သည်။ "သင်၏ ယုံကြည်သောစိတ် မပျက်စေခြင်းငှါ ငါသည် သင့်

အဘို့ ဆုတောင်းလေပြီ။ သင်သည် သတိရ ပြန်သောအခါ သင်၏ ညီအစ်ကိုတို့ကို တည်ကြည် စေလော့ဟု မိန့်တော်မူသည်” (လုကာ ၂၂း၃၂)။ နောက်ပိုင်းတွင် ကိုယ်တော်သည် ပေတရုအား သိုးများကို စောင့်ရှောက် ရန်အပ်နှင်း တော်မူခဲ့သည်(ယောဟန် ၂၁း၁၅-၁၇)။ ပင်တေကုတ္တေနေ့တွင် ကိုယ်တော် သည် ပေတရုကိုအသုံးပြု တော်မူလျက် သူသည်သတင်းကောင်းဟောပြောသောအခါ လူ သုံးထောင်ခန့် ပြောင်းလဲသွားခဲ့ရသည်။ ကိုယ်တော်သည် သူ့အား ယုဒလူမျိုးများထံ သတင်း ကောင်း ဟောပြောရန် အသုံးပြုတော်မူ၍ တပါးအ မျိုးများထံကယ်တင်ခြင်း သတင်းကောင်း ဟောပြော ကြားနိုင်ရန် တံခါးဖွင့်ပေးတော်မူခဲ့သည်။ သူသည် ခရစ်တော်ကို စွန့်ပစ်၍ အမှုတော် မြတ်ကြီး တွင် ဒုက္ခများစွာ ခံစားခဲ့ရသော်လည်း သူသည် ပေတရုဩ ဝါဒစာပဌမစောင်တွင် မိမိအတွေ့ အကြုံများကို ရေးသားမှတ်တမ်းတင်နိုင်ခဲ့သည်။ “ခရစ်တော်ယေရှု အားဖြင့် ငါတို့ကို ထာဝရ ဘုန်းအသရေ တော်သို့ ခေါ်တော်မူသော၊ ခပ်သိမ်းသော ကျေးဇူးကိုပြုတော်မူသော ဘုရား သခင်သည် ခဏ ဆင်းရဲ ခံပြီးသော သင်တို့ကို စုံလင်တည်ကြည်ခိုင်ခံ့မြဲမြံ စေတော်မူလိမ့်မည်။ ထို ဘုရား သခင်သည် ကမ္ဘာ အဆက်ဆက် ဘုန်းအသရေ အစွမ်းသတ္တိရှိတော်မူစေသတည်း။ အာမင်” (၁ပေ ၅း၁၀-၁၁)။

**ပေါလု...** ဘုရားသခင်သည် အာနနိအား သွား၍ပေါလု (ရှောလု)ထံအမှုပြုရန်စေလွှတ်တော်မူ သောအခါ ကိုယ်တော်သည် ပေါလု၏ သာသနာလုပ်ငန်းအား ဒုက္ခဆင်းရဲဖြင့်မှတ်သားထားရမည်ဟု မိန့်တော်မူခဲ့သည်။ “သခင်ဘုရားကလည်း၊ ထိုသူကားတပါး အမျိုး သားတို့နှင့် ရှင်ဘုရင်တို့ထံသို့၎င်း၊ ဣသရေလ အမျိုးသားတို့ရှိရာသို့၎င်း၊ ငါ၏ နာမကို ပို့ဆောင်စေခြင်းငှါ ငါရွေး ကောက်သော တန်ဆာ ဖြစ်၏။ အကြောင်းမူကား၊ ထိုသူသည်ငါ၏ နာမကြောင့် အဘယ်မျှ လောက်ပင် ဆင်းရဲခံရမည်ကို ငါသည် သူ့အားပြမည်။ ထိုကြောင့် သင်သွားလော့ဟု အာနနိအား မိန့်တော်မူ၏” (တမန် ၉း၁၅-၁၆)။ ပေါလုသည် ဒုက္ခဆင်းရဲပေါင်းစုံရင်ဆိုင်ခဲ့ရသည်။ ထိုဒုက္ခဆင်းရဲကို ဖယ်ရှားပေးတော်မူရန် ဘုရားသ ခင်ထံ သူဆုတောင်း အသနားခံခဲ့သည်။ “ငါခံရသောဗျာဒိတ်တော် အလွန်ထူးမြတ်၍ ငါသည်ထောင် လွှားသောစိတ်မရှိစေခြင်းငှါ၊ ငါ့ကို ဒဏ်ခတ်သော စာတန်၏ တမန်တည်းဟူသော ငါ့ကိုယ်၌ စူးသော ဆူးကိုပေးတော်မူ၏။ ထိုဆင်းရဲခြင်းနှင့်ကင်းလွတ်မည်အကြောင်းသုံးကြိမ်မြောက်အောင် သခင် ဘုရား ကိုငါဆုတောင်း၍ အသနားတော်ခံပြီးလျှင်၊ ငါ့ကျေးဇူးသည် သင့်အဘို့လောက်ပေ၏။ ငါ့

တန်ခိုးသည် အားနည်းခြင်းအဖြစ်၌ စုံလင်တတ်သည်ဟု မိန့်တော်မူ၏။ ထိုကြောင့် ခရစ်တော်၏ တန်ခိုးသည် ငါ့အပေါ်၌ ကျိန်းဝပ်မည်အကြောင်း ငါကိုယ်၌ အား နည်းခြင်းအဖြစ်ကို ဝမ်းမြောက်သော စိတ်နှင့် ဝါကြွားခြင်းငှါ သာ၍ ငါအလိုရှိ၏။ သို့ဖြစ်၍ ခရစ်တော်ကြောင့်ခံရသော အားနည်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ဆင်းရဲခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်း၊ ကျပ်တည်းစွာသော ဒုက္ခဝေဒနာ ခံခြင်းတို့ကို ငါ နှစ်သက်၏။ အကြောင်းမူကား၊ ငါသည် အားနည်းသောအခါ တန်ခိုးနှင့် ပြည့်စုံလျက်ရှိ ၏" (၂ကော ၁၂း၇-၁၀)။ ပေါလုသည် ဖိလိပ္ပိဩဝါဒ စာတွင်ဖော်ပြထားသည့်အတိုင်း ဆင်းရဲဒုက္ခခံရခြင်း၏ တန်ဖိုးကို နားလည်သဘောပေါက်ခဲ့သည်ကို တွေ့ရသည်။ "အဘယ်မျှလောက် မြတ်သည်ကို ထောက်၍၊ ခပ်သိမ်းသော အရာ တို့ကို ရှုံးစေသောအရာကဲ့သို့ ငါထင်မှတ်၏ "(ဖိ ၃း၁၀)။

**သခင်ယေရှု...** သခင်ယေရှုသည် ကျွန်ုပ်တို့အပြစ်ဒုစရိုက်များယူဆောင်သွားတော်၍ ကျွန်ုပ်တို့ဝမ်းနည်းမှုများကိုသယ်ဆောင်ရန် ခမည်းတော်၏အလိုတော်ဖြစ်သည်။ "သို့သော်လည်း၊ ထိုသူသည် ငါတို့ အနာရောဂါ ဝေဒနာများကို ယူတင် ဆောင်ရွက်လေ၏။ ဒဏ်ခတ် တော်မူခြင်းကိုငှင်း၊ ဘုရားသခင် ဆုံးမ၍ နှိမ့်ချတော်မူ ခြင်းကိုငှင်း ခံရသောသူ ဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။ ထိုသူသည် ငါတို့ လွန်ကျူးခြင်း အပြစ်များကြောင့်၊ နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ ရောက်၍၊ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက် ရှိကြ၏" (ဟေရှာယ ၅၃း၄-၅)။ သခင်ယေရှုသည် ကျွန်ုပ်တို့ကိုယ်စား ဆင်းရဲ ဒုက္ခခံတော်မူသည်။ သို့သော်လည်း ကိုယ်တော်သည် ဤဆင်းရဲဒုက္ခကို သည်းခံခွင့်လွှတ်တော်မူသည်။ "ဘုရားသခင်၏ သားတော်မှန်သော်လည်း၊ ဆင်းရဲဒုက္ခကို ခံသောအားဖြင့် နားထောင်ခြင်း အကျိုး အကြောင်းကို သင်တော်မူ၏။ ထိုသို့စုံလင်ခြင်းသို့ရောက်ပြီးမှ၊ ယုံကြည်နားထောင်သော သူအပေါင်းတို့အား ထာဝရ ကယ်တင်ခြင်း ကျေးဇူးကို ပြုသောသူဖြစ်တော်မူသည်" (ဟေဗြဲ ၅း၈-၉)။

သင်သည် ကြီးမားသော ခက်ခဲမှုများကို ခံစားရသလော။ ကိုယ်တော်သည် မည်သည့်သင်ခန်းစာကို သွန်သင်လိုတော်မူသနည်း။ သို့မဟုတ် ထိုခက်ခဲမှုများတွင် သင်သည် မည်သည့်အရာကိုသင်ယူသနည်း။ ကိုယ်တော်၏အတူပါရှိတော်မူခြင်းနှင့်အနာဂတ်ရည်ရွယ်ချက်များအတွက် ကိုယ်တော်သည် မည်သို့ပြင်ဆင်ပေးတော်မူသနည်း။ ခက်ခဲသောအချိန်များတွင်ပို၍ ကြီးမားသော ယုံကြည်ခြင်း၊

နှိမ့်ချခြင်း၊ ကိုယ်ကျင့်တရား၊ ကြည်ညိုခြင်း၊ နာခံခြင်းနှင့်ချီးမြှောက်ခြင်း၊ သာသနာလုပ်ငန်း လုပ်ဆောင်ရန် ပို၍ ဆန္ဒရှိခြင်း၊ အစွမ်းအစရှိခြင်းများဖြစ်စေသည်။ ဟေဗြဲသြဝါဒ စာရေးသူက ဤသို့ ဖော်ပြထားသည်။

"ထိုမှတပါး၊ ငါ့သား၊ ထာဝရဘုရား ဆုံးမတော်မူခြင်းကို မမှတ်ဘဲ မနေနှင့်။ သင်၏ အပြစ်ကို စစ်ဆေး တော်မူသောအခါ စိတ်မပျက်နှင့်။ ထာဝရဘုရားသည် ချစ်တော်မူသော သူကို ဆုံးမတော်မူတတ်၏။ လက်ခံတော်မူ သမျှသော သားတို့ကို ဒဏ်ခတ်တော်မူတတ်၏ဟု သူငယ်တို့ကို ဆိုသကဲ့သို့ သင်တို့ကို ပြောဆိုသောသြဝါဒစကားကို မေ့လျော့ကြသလော။ သင်တို့သည် ဆုံးမတော်မူခြင်းကို ခံလျှင်၊ သားတို့ ကိုပြု သကဲ့သို့ ဘုရားသခင်သည်သင်တို့ကို ပြုတော်မူ၏။ အကြောင်းမူကား၊ အဘ မဆုံးမ သောသား တစုံတယောက်ရှိသလော။ သားအပေါင်းတို့သည် ခံတတ်သောဆုံးမခြင်းကို သင်တို့ သည် မခံဘဲနေ လျှင်၊ သားရင်းမဟုတ်၊ မင်းဦးမင်းလွှင်ရသောသားဖြစ်ကြ၏။ တနည်းကား၊ ကိုယ် ကာယနှင့် စပ်ဆိုင်သော အဘတို့ လက်ဖြင့် ငါတို့သည် ဆုံးမခြင်းကို ခံရသောအခါ၊ သူတို့ကို ရိုသေကြ၏။ ထိုမျှမက၊ စိတ်ဝိညာဉ်တို့၏ အဘအလိုသို့လိုက်၍၊ အသက်ချမ်းသာရကြမည် မဟုတ် လော။ အကြောင်းမူကား၊ ထိုအဘတို့သည် မိမိအလိုသို့လိုက်၍ တခဏသာဆုံးမပေးကြ၏။ ကိုယ်တော်မူကား၊ မိမိသန့်ရှင်းခြင်း ပါရမီတော်ကို ငါတို့သည် ဆက်ဆံစေခြင်းငှါ၊ ငါတို့ အကျိုး ကိုထောက်၍ သာဆုံးမ ပေးတော်မူ၏။ ဆုံးမခြင်းမည်သည်ကား၊ ခံရစဉ်အခါ ဝမ်းမြောက် စရာမထင်၊ ဝမ်းနည်းစရာ ထင်တတ်၏။ သို့သော်လည်း၊ ဆုံးမခြင်းကို ခံရသောသူတို့သည်၊ နောက်မှ ငြိမ်သက် ခြင်းနှင့် စပ်ဆိုင်သော ဖြောင့်မတ်ခြင်း အကျိုးကို ခံရကြ၏" (ဟေဗြဲ ၁၂း၅-၁၁)။

## ဆက်သွယ်ရန်

**ပြန်လည်ကြွလာခြင်းသတင်းကောင်း(Herald of His Coming)** ကို မြန်မာနှင့် ဟားခါးချင်း စကားများဖြင့် လစဉ် ကျွန်တော်တို့ ထုတ်ဝေလျက်ရှိသည်။ ထို့ကြောင့် မိတ်ဆွေမှာ ကြားလိုပါက အောက်လိပ်စာသို့ ဆက်သွယ်ပါရန် သခင်ခရစ်တော်၏ နာမတော်အားဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

**Rev. Run Lian,**

**P. O . Box 1349,**

**Yangon,**

**Tel: 09452112354;**

**Email: dts4christ@gmail.com**